# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၃၄) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) ပြည်သူအချင်းချင်းဖြစ်စေ၊ ပြည်သူနှင့် အစိုးရဌာနများကြားဖြစ်စေ တရားမမှုဆိုင်ရာအတွက် အငြင်းပွားကြလျှင် တရားရုံးအသီးသီးတွင် တရားစွဲရမှု လျော့နည်းသွားစေရန် ညှိနှိုင်းဖျန်ဖြေပေးရေးဆိုင်ရာ (Mediation Law) ကိုရေးဆွဲရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) သဘာဝဓာတ်ငွေ့နှင့် ဒီဇယ်၊ လောင်စာနှစ်မျိုးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက် ဝယ်ယူရန် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူပြီး ၄၅ ရက်အတွင်းတွင် စတင်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်ဟု ဖော်ပြခဲ့သော်လည်း ယခု မေလကုန်အထိ ဓာတ်အားထုတ်လုပ်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရပါသဖြင့် ၄၅ ရက်အတွင်း ရက်အလိုက် ဆောင်ရွက်ခဲ့ပုံကို အသေးစိတ်သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၈ | (ဂ) စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ် စက်ရုံမှ ရရှိသော လျှပ်စစ်ဓာတ်အားခများထဲမှ တချို့တစ်ဝက်ကို မုန်းတမံ တည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံး ဒုက္ခရောက်ခဲ့ကြသည့် ဒေသခံကျေးရွာများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | (ဃ) ရွှေကျင်ရေကာတာ တည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံးသွားသည့် ဒေသခံပြည်သူများ၏ နစ်နာချက်များ ကိစ္စနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် တောင်သူများ နစ်နာမှုအတွက် ချထားပေးသည့် ဘဏ္ဍာငွေများအား မည်သည့်ကာလတွင် | ၁၈ |

မည်သို့စီမံဆောင်ရွက် ပေးမည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း

၁၀ လွှတ်တော်အခွင့်အရေး ကော်မတီက မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို တင်သွင်းခြင်း ၂၂

၁၁ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ၂၃

၁၂ လွှတ်တော်အခွင့်အရေး ကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း ၂၈

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း ၂၉

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း ၂၉

၁၅ ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့ ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုး တိုးတက်မှု အရှိန်အဟုန် မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေး ရုပ်မြင်သံကြားလိုင်း(Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၃၀

၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄) ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၅) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၄

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး

# (၃၄)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇-၇-၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၏ **ပြည်သူအချင်းချင်းဖြစ်စေ၊ ပြည်သူနှင့် အစိုးရဌာနများကြားဖြစ်စေ တရားမမှုဆိုင်ရာအတွက် အငြင်းပွားကြလျှင် တရားရုံးအသီးသီးတွင် တရားစွဲရမှု လျော့နည်းသွားစေရန် ညှိနှိုင်းဖျန်ဖြေပေးရေးဆိုင်ရာ (Mediation Law) ကို ရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **သဘာဝဓာတ်ငွေ့နှင့် ဒီဇယ်၊ လောင်စာ နှစ်မျိုးသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက် ဝယ်ယူရန် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူပြီး (၄၅)ရက် အတွင်းတွင် စတင်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်ဟု ဖော်ပြခဲ့**

**သော်လည်း ယခုမေလကုန်အထိ ဓာတ်အားထုတ်လုပ်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရပါသဖြင့် (၄၅)ရက် အတွင်း ရက်အလိုက် ဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်ကို အသေးစိတ် သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ် စက်ရုံမှ ရရှိသော လျှပ်စစ်ဓာတ်အားခ များထဲမှ တချို့တစ်ဝက်ကို မုန်းတမံတည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံး ဒုက္ခရောက်ခဲ့ကြသည့် ဒေသခံကျေးရွာများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **ရွှေကျင်ရေကာတာ တည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံးသွားသည့် ဒေသခံပြည်သူများ၏ နစ်နာချက်များ ကိစ္စနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ထား သည်ကို သိရှိလိုခြင်းနှင့် တောင်သူများ နစ်နာမှုအတွက် ချထား ပေးသည့် ဘဏ္ဍာငွေများအား မည်သည့်ကာလတွင် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ လွှတ်တော်အခွင့်အရေးကော်မတီက **"မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် **"မြန်မာနိုင်ငံ လွှတ်တော် အဖွဲ့ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **“ အထူး ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **“ ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၁။ ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က တင်သွင်းသည့် **“မြန်မာ့ ပညာရေး ပြုပြင် ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေး ရုပ်မြင် သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ဃ) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၊

(င) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(စ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

(ဇ) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၊

(ဈ) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၊

၁၂။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၃၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၇ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၀၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဒေါက်တာစောနိုင်၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြား သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၄ ဦးရှိပါတယ်။ ခွင့်ပန် ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၂) ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၃) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၄) မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ပေါခင် ခွင့် ၂ ရက်၊

(၅) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၂ ရက်၊

(၆) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၂ ရက်၊

(၇) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၂ ရက်၊

(၈) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊

(၉) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် ခွင့် ၂ ရက်၊

(၁၀) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်၊

(၁၁) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၁၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၂ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဒေါ်စန်းသီတာခင် ခွင့် ၁ ရက်၊

(၁၅) တပ်တော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ခွင့် ၂ ရက်၊

(၁၆) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၁၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၂ ရက်၊

(၁၈) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၂ ရက်၊

(၁၉) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၂၀) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၂၁) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်၊

(၂၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၂၃) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ထွန်းထွန်းဟိန် ခွင့် ၂ ရက်နှင့်

(၂၄) သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ရွှေလှဝင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ခင်ဗျား။ ယခင် ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်သူအချင်းချင်းဖြစ်စေ၊ ပြည်သူနှင့် အစိုးရဌာနများကြားဖြစ်စေ တရားမမှုဆိုင်ရာအတွက် အငြင်းပွားကြလျှင် တရားရုံးအသီးသီးတွင် တရားစွဲရမှုလျော့နည်းသွားစေရန် ညှိနှိုင်းဖျန်ဖြေပေးရေးဆိုင်ရာ (Mediation Law)ကိုရေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ယနေ့ လွှတ်တော်အစည်းအဝေးမှာ ကျွန်တော်မေးမြန်းမယ့်

မေးခွန်းကတော့ ပြည်သူအချင်းချင်းဖြစ်စေ၊ ပြည်သူနှင့် အစိုးရဌာနကြားဖြစ်စေ တရားမမှုဆိုင်ရာ အတွက် အငြင်းပွားကြလျှင် တရားရုံးအသီးသီးတွင် တရားစွဲဆိုမှုလျော့ပါးသွားစေရန်အတွက် စေ့စပ် ညှိနှိုင်းဖြေဖျန်ပေးရေးဆိုင်ရာဥပဒေ(Mediation Law) ကို ရေးဆွဲရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မှတ်မိသလောက် အကြောင်းအရာတစ်ခုကို ကျွန်တော် တင်ပြပါမယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်းမှာ၊ လွှတ်တော်အစည်းအဝေး တစ်ခုမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဘာမေးထားသလဲဆိုတော့ တရားရုံးတွေမှာ တရားမမှု များ ဘာဖြစ်လို့ကြန့်ကြာနေရပါသလဲဟု မေးခဲ့ပါတယ်။ အဲဒီလိုမေးတဲ့အခါမှာ တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးက လွှတ်တော်မှာ လာ၍ဖြေပါတယ်။ အဲဒီဖြေကြားချက်က ဘာလဲဆိုတော့ တရားရုံးအသီးသီးကချမှတ်တဲ့အမိန့်ဒီဂရီဟူသမျှကို အဆင့်မြင့်တရားရုံးများသို့ ရှေ့နေတွေက အယူခံပြင်ဆင်မှုတက်နေလို့ ကြန့်ကြာခြင်းဖြစ်တယ်လို့ ကျွန်တော်မှတ်မိသလောက် တင်ပြခြင်း ပဲဖြစ်ပါတယ်။ အမှန်ကတော့ ရှေ့နေတွေက အယူခံပြင်ဆင်ရန်တက်တာမဟုတ်ပါဘူး။ အမှုသည်ရဲ့ ခွင့်ပြုချက်အရတက်ခြင်းဖြစ်တယ်။ ဒါ့အပြင် ကျွန်တော်တို့က ဥပဒေပြဋ္ဌာန်းချက်ရှိလို့ အထက်အမြင့် တရားရုံးတွေကို ပြင်ဆင်အယူခံမှုတက်ခြင်းလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမမှုတစ်ခုမှ သက်ဆိုင်တာက တရားမကျင့်ထုံးဥပဒေပါ။ အဲဒီဥပဒေမှာ ပုဒ်မပေါင်း ၁၅၃ ခုရှိပြီးတော့ Order ၄၉ ခုရှိပါတယ်။ ဒါ့အပြင် Rule ပေါင်း ၅၆၃ ခုရှိပါတယ်။ ဒါ့အပြင် တရားမမှုဆိုင်ရာဥပဒေများကတော့ Limitation Act, Court Fee Act, Stamp Act, Transfer of Property Act, Special Relief Act စသည့်ဥပဒေများဖြင့်လည်း ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။ တရားမမှုတစ်ခုမှာ ဒီကရီကျပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ ဒီဂရီကို အကောင်အထည်ဖော်ဖို့ပဲ ဇာရီမှုဖွင့်ရပါတယ်။ ဒါကြောင့်မို့လို့ တရားမမှုကအစ ဇာရီကဆိုပြီးတော့ ကျွန်တော်တို့ ဆိုရိုးစကားရှိပါတယ်။ အဲဒီ Order 21 တစ်ခုတည်းကို Rules ပေါင်း ၁၀၃ ခုရှိပါတယ်။ တချို့ကပြောပါတယ်။ ဥပဒေလုပ်ထုံးလုပ်နည်းတွေကများတယ်။ ပယ်ဖျက်သင့်ပါတယ်လို့ဆိုပါတယ်။ မှန်ပါတယ်။ တချို့အမှုတွေဆိုရင် ၁၀ နှစ်ကျော်အထိကြာခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူ အချင်းချင်းဖြစ်တဲ့ တရားမမှုဆိုင်ရာကိစ္စတွေကို လက်ရှိမှာကျွန်တော်တို့ ရှေ့နေတွေကနေပြီးတော့ Notice တွေပေးပြီးတော့ ဖြေရှင်းရပါတယ်။ တစ်ခါတလေ Notice ပေးလို့ ပြေလည်သွားတဲ့ အမှုရှိသလို မပြေလည်တဲ့အမှုလည်းရှိပါတယ်။ ထို့အတူ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကလည်း ညှိနှိုင်းပေးတာလည်းရှိပါတယ်။ မပြေလည်ရင် တရားရုံးမှာ ထပ်ပြီးတော့တရားစွဲတာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော်ဂျပန်နိုင်ငံကိုသွားရောက်ခဲ့ပါတယ်။ အဲဒီတော့ ဂျပန်နိုင်ငံမှာ တရားမကြောင်းဆိုင်ရာ တရားစီရင်ရေးနဲ့စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာ လေ့လာမှုကိုရရှိပါတယ်။ အဲဒီတော့ သူတို့နိုင်ငံမှာ တရားမမှုခင်းများအတွက် Mediation Law ကို ပြဋ္ဌာန်းပြီးတော့ Mediation Court တွေမှာ Mediation ရဲ့ Judge တွေက ဖြေရှင်းပေးတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာလည်း အဲဒီလို ပြည်သူအချင်းချင်းဖြစ် တဲ့တရားမမှုအတွက် သက်သာခွင့်ရအောင်ဆိုရင် တရားမစွဲမီမှာ ညှိနှိုင်းဖြေရှင်းပေးတဲ့၊ စေ့စပ်ပေးတဲ့နေရာဒေသ ရုံးဌာနများရှိရင် တရားရုံးတွေမှာ တရားစွဲဖို့လျော့ပါးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ပြည်သူတွေကလည်း ငွေကြေးကုန်ကျမှုနည်းပါးပြီးတော့ အချိန်ကုန်သက်သာမှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ ဥပဒေတစ်ခုပြဋ္ဌာန်းပြီး ဒီလိုဆောင်ရွက်ခြင်းမျိုးအတွက် Mediation Law ကို ရေးဆွဲရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြသိမ်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်း ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ တရားမမှုခင်းများ လျော့ပါးသွားစေဖို့နဲ့ တရားမျှတမှုလက်လှမ်းမီရေးကို မြှင့်တင်ဖို့ရည်ရွယ်၍ တရားရုံးကဦးဆောင်ပြီး စေ့စပ်ဖြေရှင်းသည့်နည်းစနစ်ကို ကျင့်သုံးနိုင်မည့်လုပ်ငန်းအစီအစဉ်များကို တရား စီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိတွင် ထည့်သွင်းဖော်ပြဆောင်ရွက်လျက်ရှိပါတယ်။ တရားမမှုခင်းများကို တရားရုံးကဦးဆောင်စေ့စပ်ဖြေရှင်းတဲ့စနစ်ကို အာရှ-ပစိဖိတ် ဒေသအတွင်းရှိနိုင်ငံများမှာ Court-led Mediation, Court-Annexed Mediation, Judicial Mediation စသည့်အမည်များဖြင့် ကျင့်သုံးလျက်ရှိပါတယ်။ ယင်းသို့ကျင့်သုံးရာတွင် တရားရုံးက ဦးဆောင်၍ စေ့စပ်ဖြေရှင်းတဲ့စနစ်ကို တရားရုံးလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များတွင် ထည့်သွင်းဖော်ပြ၍လည်းကောင်း၊ သီးခြားဥပဒေများပြဋ္ဌာန်း၍လည်းကောင်း ကျင့်သုံးကြပါ

တယ်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံမှာ တရားရုံးကဦးဆောင်၍ စေ့စပ်ဖြေရှင်းတဲ့စနစ်ကို သီးခြား ဥပဒေပြဋ္ဌာန်းခြင်းမရှိဘဲ Rules of Court နှင့် Court's Practice Direction တို့မှာ ထုတ်ပြန်၍ ကျင့်သုံးပြီး ဂျပန်နိုင်ငံမှာတော့ Civil Conciliation Act နှင့် Personal Affairs Conciliation Act များပြဋ္ဌာန်း၍ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)၊ စင်ကာပူဥပဒေရေးရာဝန်ကြီးဌာန၊ ဩစတြေးလျဖက်ဒရယ်တရားရုံးတို့ရဲ့ နည်းပညာ အကူအညီများဖြင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အခြားနိုင်ငံတွင် အောင်မြင်စွာကျင့်သုံးနေတဲ့စနစ်များကို လေ့လာခြင်းများ ဆောင်ရွက်လျက်ရှိပါ တယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ တရားမမှုခင်းများတွင် တရားရုံးကဦးဆောင်၍ စေ့စပ် ဖြေရှင်းတဲ့နည်းလမ်း အသုံးပြုရေးဖြစ်နိုင်ခြေ(Feasibility Study of Court-led Mediation for Civil Cases)ကို လေ့လာဆန်းစစ်ပြီး မြန်မာနိုင်ငံရဲ့ မှုခင်းစီမံခန့်ခွဲရေးစနစ်နဲ့ ကိုက်ညီမှုရှိသော ထိရောက်အောင်မြင်သည့်နည်းလမ်းများ အသုံးပြုနိုင်ရေးအတွက် လေ့လာဆောင်ရွက်လျက်ရှိပါ တယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ညှိနှိုင်းဖြေရှင်းပေးရေးဆိုင်ရာဥပဒေ (Mediation Law)တစ်ရပ်ကို ရေးဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**သဘာဝဓာတ်ငွေ့နှင့် ဒီဇယ်၊ လောင်စာနှစ်မျိုးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက် ဝယ်ယူရန် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူပြီး ၄၅ ရက်အတွင်းတွင် စတင်ဓာတ်အားထုတ်လုပ်ပေးနိုင် မည်ဟု ဖော်ပြခဲ့သော်လည်း ယခုမေလကုန်အထိ ဓာတ်အားထုတ်လုပ်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရပါသဖြင့် ၄၅ ရက်အတွင်း ရက်အလိုက် ဆောင်ရွက်ခဲ့ပုံကို အသေးစိတ်သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောအစိုးရအဖွဲ့ တာဝန်ရှိပုဂ္ဂိုလ် များ၊ ဧည့်သည်တော်များကို အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ကျွန်တော်ကတော့ ဦးနေမျိုးထက် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ကျော်တံတားမဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီးမှ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွက် နွေရာသီလျှပ်စစ်ဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျပ် ၃၀ ဘီလီယံသုံးစွဲရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ၁၃-၃-၂၀၁၇ ရက်နေ့တွင် လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး ၁၆-၃-၂၀၁၇ ရက်တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။ ပြီးတော့ ၁၇-၃-၂၀၁၇ ရက်နေ့တွင် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြည်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ ဆုံးဖြတ်မှုကို ရယူရာတွင် ထောက်ခံမဲ ၅၄၃ မဲ၊ ကန့်ကွက်မဲ ၁၆ မဲ၊ ကြားနေမဲ ၃ မဲဖြင့် ဒီ ၃၀ ဘီလီယံခွင့်ပြုပြီးတော့ ပြီးခဲ့တဲ့နှစ်နွေရာသီမှာ ရန်ကုန်တိုင်းဒေသကြီးအတွက် လျှပ်စစ်လိုအပ်သော စက်ကိုဝယ်ဖို့အတွက် ခွင့်ပြုခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအဖွဲ့မှ အဆိုပါဓာတ်အားထုတ်စက်ကို အစိုးရအချင်းချင်းအစီအစဉ်ဖြင့် ဝယ်ယူသွားမည်ဟု ဖော်ပြခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရအချင်းချင်းဝယ်ယူရင် ၄၅ ရက်နဲ့ပြီးမယ်။ ကြားခံအဖွဲ့အစည်းအဖြစ် ရန်ကုန်တိုင်းဒေသကြီးက အစုရှယ်ယာအများဆုံးဖွဲ့စည်းထားသော Yangon Fund Co.,Ltd က ဆောင်ရွက်သွားမယ်လို့ ကျွန်တော်တို့ကို တင်ပြခဲ့ပါတယ်။ အဲဒီတင်ပြချက်ထဲမှာ ပြည်ထောင်စုလွှတ်တော်မှ သဘောတူခွင့်ပြုပါက စာချုပ်ပြင်ဆင်သည့်ကာလကို ခုနစ်ရက်ကြာမြင့်မယ်လို့ တင်ပြခဲ့တယ်။ ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်တောင်းယူရာမှာ ပုံမှန် တစ်လခွဲခန့်ကြာမြင့်နိုင်သော်လည်း အစိုးရအချင်းချင်းဝယ်ယူမည့်ကိစ္စဖြစ်သောကြောင့် သဘောထားမှတ်ချက်ကာလတိုတောင်းနိုင်မယ်။ စာချုပ်ပြီးရင် သင်္ဘောတင်ကာလကို ၃၀ ရက်နေ့၊ ပစ္စည်းရောက်ရှိတဲ့ကာလကို ၁၅ ရက်နေ့၊ စာချုပ်ချုပ်ဆိုပြီး ၄၅ ရက်အတွင်းမှာ ဓာတ်အားထုတ်ယူမယ်လို့ ပြောပြပြီးတော့ ၃၀ ဘီလီယံကိုထုတ်ယူခဲ့ပါတယ်။ ၃၀ ဘီလီယံကိုထုတ်ယူပြီးတော့ ၄၅ ရက်အတွင်းမှာ မီးရအောင်လုပ်ပြီးတော့ ပြီးခဲ့တဲ့နှစ်နွေရာသီမှာဝယ်ယူပြီးတော့ ဓာတ်အားထုတ်လုပ်မယ်ဆိုပြီး သီးသန့်ရန်ပုံငွေမှ ၃၀ ဘီလီယံ ထုတ်ယူခဲ့ပါတယ်။ ဒါပေမဲ့ ပြီးခဲ့နှစ်နွေရာသီမှာ ဒီစက်က ၄၅ ရက်အတွင်း တပ်ဆင်ပြီးခြင်းကိုမတွေ့ရပါဘူး။ ကျွန်တော် ဒီမေးခွန်းတင်တဲ့အထိ ၄၅ ရက်ကျော်တဲ့နေ့အထိပေါ့။ မေလကုန်အထိ ကျွန်တော်တို့ ပြီးစီးတာကို မတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် သိချင်တဲ့မေးခွန်းကတော့ ပြည်ထောင်စု၏ သီးသန့်ရန်ပုံငွေမှ ကျပ် ၃၀ ဘီလီယံထုတ်ယူ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီကာလ၌ လျှပ်စစ်မီးအသုံးပြုနိုင်ရန်အတွက် သဘောဝဓာတ်ငွေ့နှင့် ဒီဇယ်လောင်စာနှစ်မျိုးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ဝယ်ယူရန် ပြည်ထောင်စုလွှတ်တော် ၏ခွင့်ပြုချက်ရ

ယူပြီး ၄၅ ရက်အတွင်း ဓာတ်အားထုတ်လုပ်နိုင်မည်ဟု ဖော်ပြခဲ့သော်လည်း မေလကုန်အထိ ဖော်ပြခြင်းမရှိတဲ့အတွက် ဒီ ၄၅ ရက်အတွင်းမှာ လုပ်ငန်းအဆင့်ဆင့်ကို မည်ကဲ့သို့လုပ်ဆောင် သည်ကို သိရှိလိုပါတယ်။ ပြီးတော့ မည်သည့်အတွက်ကြောင့် ဒီ ၄၅ ရက်အတွင်း၊ သတ်မှတ်ကာလအတွင်း မထုတ်လုပ်နိုင်တာဆိုတာကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်ဖြစ်ပြီးတော့ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို ကိုယ်စားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့သီးသန့်ရန်ပုံငွေကျပ် ဘီလီယံ ၃၀ ကိုအသုံးပြုပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ နွေရာသီကာလ၌ လျှပ်စစ်ဓာတ်အားအပြည့်အဝဖြည့်တင်းပေးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့နှင့်ဒီဇယ်၊ လောင်စာနှစ်မျိုးသုံးနိုင်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့စက်အား ဝယ်ယူနိုင်ရန်ကိစ္စနှင့်ပတ်သက်ပြီး ယခင် ပြည်ထောင်စုလွှတ်တော်မှာ တင်ပြပြီး သီးသန့်ရန်ပုံငွေအသုံးပြုခွင့်အား တင်ပြတောင်းခံခဲ့ပါတယ်။ အဆိုပါကိစ္စရပ်တင်ပြစဉ်က စာချုပ်ချုပ်ဆိုပြီးသည့်နေမှစ၍ သင်္ဘောတင်ကာလ ရက် ၃၀ ခန့်နှင့် ပစ္စည်းများရောက်ရှိပြီးနောက် ရွေးယူတပ်ဆင်ခြင်းလုပ်ငန်းအား ၁၅ ရက်ခန့် ဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့် စာချုပ်ချုပ်ဆိုပြီးသည့်နောက် ၄၅ ရက်မှာ စတင်ဓာတ်အားထုတ်လုပ်ပေးနိုင်မည်ဟု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရကိုယ်စား ရှင်းလင်းတင်ပြခဲ့တာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အဆိုပါသီးသန့်ရန်ပုံငွေအား အသုံးပြုပြီး ရက်အလိုက် ဆောင်ရွက်ခဲ့မှုဖြစ်စဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အဆိုပါကိစ္စရပ်ကို ဆောင်ရွက်ရာမှာ ပစ္စည်းဝယ်ယူရာမှာ အချိန်ကာလလျှော့ချနိုင်ရန်အတွက် တင်ဒါခေါ်ယူခြင်းအချိန်ကို ကျော်လွှားနိုင်ရန် အမေရိကန်နိုင်ငံနှင့် Government to Government စနစ်ဖြင့် ဝယ်ယူရန် ညှိနှိုင်းခဲ့ပါတယ်။ သို့ရာတွင် အမေရိကန်နိုင်ငံရဲ့ Competition Law အရ Government to Government ဝယ်ယူရန်မဖြစ်နိုင်တဲ့အတွက်ကြောင့် တင်ပြပါ Power Point မှာ ပါရှိတဲ့အတိုင်း ၇-၄-၂၀၁၇ ၇ကိနေ့မှာ Limited Tender ခေါ်ယူခဲ့တာဖြစ်ပါတယ်။ Tender Process ကိုဆောင်ရွက်ပြီး ၂၅-၅-၂၀၁၇ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ Yangon Fund ကုမ္ပဏီနှင့် Consortium (GE + GGE) ကုမ္ပဏီတို့က 25 MW Trailer Mounted Type Dual Fuel Turbine စက်ဝယ်ယူရေးစာချုပ်ကို ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ၆-၆-၂၀၁၇ ရက်နေ့မှာ ရန်ကုန်သို့ အဆိုပါဓာတ်အားပေးစက်ကို သယ်ဆောင်လာတဲ့သင်္ဘောရောက်ရှိခဲ့ပြီး မူလလျာထားရက် ရက် ၃၀ ဖြစ်သော်လည်း စာချုပ်ချုပ်ဆိုပြီးတဲ့နောက် စက်ရောက်ရှိတဲ့ကာလဟာ ၁၂ ရက်သာ ကြာမြင့်ခဲ့ပါတယ်။ ပစ္စည်းများရောက်ရှိခဲ့တဲ့ ၆-၆-၂၀၁၇ ရက်နေ့မှ ၁၃-၆-၂၀၁၇ ရက်နေ့အတွင်းမှာ အလုံဆိပ်ကမ်းမှနေ၍ စက်တပ်ဆင်မည့် သာကေတဓာတ်အားပေးစက်ရုံသို့ စက်ပစ္စည်းများ သယ်ယူပို့ဆောင်ခဲ့တဲ့အတွက်ကြောင့် မူလလျာထားရက် ၁၅ ရက်ဖြစ်သော်လည်း ရက်သတ္တပတ် တစ်ပတ်အတွင်း စက်သယ်ယူမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

စက်များကို နေရာချထား၍ အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ပြီး စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၃-၆-၂၀၁၇ ရက်နေ့မှာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ အဆိုပါစက်အား Full Load Test Run ဆောင်ရွက်ခြင်းကို မူလသတ်မှတ်ထားတဲ့ ၄၅ ရက်ပြည့်မြောက်တဲ့ ၈-၇-၂၀၁၇ ရက်နေ့မှာ ပြုလုပ်ရန် လျာထားခဲ့သော်လည်းပဲ စက်ကိုထိန်းချုပ်တဲ့ Control System မှာပါရှိတဲ့ Backplane Control Card နှင့် Liquid Fuel System ရဲ့ Liquid Fuel Control Valve တို့ဟာ ပုံမှန်အလုပ်မလုပ်ခဲ့တဲ့အတွက်ကြောင့် အသစ်ထပ်မံမှာယူတပ်ဆင်ခဲ့ရတဲ့အတွက်ကြောင့် သတ်မှတ်သည့်ကာလအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုမရှိခဲ့ခြင်းဖြစ်ပါယ်။ ၂၅-၇-၂၀၁၇ ရက်နေ့မှာ လျှပ်စစ်ဓာတ်အား ၂၆ မဂ္ဂါဝပ်စမ်းသပ်ထုတ်လုပ်ခဲ့ပြီး Full Load Test ကိုအောင်မြင်စွာစမ်းသပ်မောင်းနှင်နိုင်ခဲ့ပြီဖြစ်တဲ့အတွက်ကြောင့် စွမ်းအားပြည့်ဆက်လက်မောင်းနှင်နိုင်ရေးအတွက် စမ်းသပ်လည်ပတ်သွားမှာဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက် အများဆုံးဖြစ်တဲ့ နွေကာလ

မှာ စက်များအသစ်ဖြစ်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးခွင့်ပြုပါ။ ကျွန်တော့်ကို Power Point လေး ပေးပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစွမ်းအားပြည့် ဒီစက်ဟာ သဘာဝဓာတ်ငွေ့နဲ့အသုံးပြုမယ်ဆိုရင် တစ်နာရီကို ၁၀၄၄၅ MW/hr လိုအပ်မှာဖြစ်ပြီး ဒီဇယ်အသုံးပြုမယ်ဆိုရင် ၇၇၈၈ လီတာ လိုအပ်မှာဖြစ်ပါတယ်။ တစ်နေ့ကို ငါးနာရီမောင်းနှင်မယ်ဆိုရင် တစ်ရက်ကို ဒီဇယ်ဂါလန် တစ်သောင်းကုန်မယ်လို့ အဲဒီနေ့က ကျွန်တော်တို့ ရှင်းလင်းခဲ့ပါတယ်။ ပြီးတော့ ရန်ကုန်လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းက ဒီဇယ်ဂါလန် ၁၀ သိန်းခန့်ရှိပြီးတော့ နွေရာသီ သုံးလအတွက် အသုံးပြုနိုင်မယ်လို့ ကျွန်တော်တို့ အဲဒီနေ့က တင်ပြခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော် သိချင်တဲ့မေးခွန်းကတော့ ဒီ ၂၅-၇-၂၀၁၇ မှာ Full Load Test စမ်းပြီးပြီဖြစ်တယ်။ ဒါပေမဲ့ အခုဝယ်တဲ့ စက်က ကျွန်တော်တို့ သိရသလောက်တော့ ဒါ အရမ်းဆီစားပါတယ်။ အခြားနိုင်ငံတွေမှာဆိုရင် ဒါကို Emergency အနေနဲ့ သုံးတဲ့ဥစ္စာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ယူနစ်ကို ၂၀၀ လောက်ကျ ပါတယ်။ အဲဒါကြောင့် ကျွန်တော်သိချင်တာကတော့ ဒီစက်က အခုအချိန်မှာ Run နေလား။ မဟုတ်ရင် ရပ်ထားတာလား။ ဟုတ်ပြီ။ ရပ်ထားတယ်ဆိုလည်း ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အပိုင်ဖြစ်တဲ့အတွက် ဒီရေရှည်စက်မောင်းနှင်ထိန်းသိမ်းရန် နွေရာသီရောက်မှ အဲဒီစက်က Run လို့မရဘူးဆိုရင် စက်ကြီးဝယ်တာအလကားဖြစ်ပါမယ်။ အဲဒါကြောင့် ဒီနွေရာသီရောက်တဲ့အခါကျရင် ဒီစက်ကို ဘယ်လိုကိုင်တွယ်အသုံးပြုမလဲ။ ဒီစက်ကို Maintainance ကို ဘယ်လိုထိန်းမလဲ။ ပြီးတော့ လောင်စာဆီကိုလည်း အဲဒီနေ့တင်ပြတုန်းက ရှင်းရှင်းလင်းလင်း မသိရပါဘူး။ ဘယ်သူက ဘယ်သူဆီကသုံးမယ်။ ဆိုတော့ လောင်စာဆီကိုလည်း ဘယ်လိုအစီအမံများနှင့် ဖြည့်တင်းဆောင်ရွက်ထားလဲဆိုတာကို နောက်နှစ်နွေရာသီအတွက်ကို ဒီစက်ကို မည်ကဲ့သို့ လုပ်မယ်ဆိုတာကို ကျွန်တော် သိရှိလိုတဲ့အတွက် တစ်ဆက်တစ်စပ်တည်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားပေးနိုင်က ဖြေကြားပေးစေလိုပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါဓာတ်အားပေးစက်ကို ပြည်ထောင်စုရဲ့ သီးသန့်ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ ဘတ်ဂျက်ထဲကိုချထားပေးပြီး ဝယ်ယူခဲ့တဲ့အတွက်ကြောင့် အဆိုပါ ဓာတ်အားပေးစက်ရဲ့ ပုံသေပိုင်ပစ္စည်းပိုင်ဆိုင်မှုဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရပိုင်ဆိုင်တာဖြစ်ပါတယ်။ အဆိုပါကဲ့သို့သော ဓာတ်အားပေးစက်ရုံကြီးကို ထိန်းသိမ်းကိုင်တွယ်မောင်းနှင်ရန်နှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှာ နည်းပညာကျွမ်းကျင်ပိုင်နိုင်တဲ့ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများကတော့ ပြည်ထောင်စုဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှာသာရှိတဲ့အတွက်ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနက ဒီစက်ကြီးကိုပြုပြင်မောင်းနှင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက်တော့ ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဆိုပါဓာတ်အားပေးစက်က ပုံသေပိုင်ပစ္စည်းဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရကပိုင်ဆိုင်တဲ့အတွက်ကြောင့် အဆိုပါဓာတ်အားပေးစက်ရုံအား ရေရှည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်တဲ့စက်ဆီ၊ ချောဆီနှင့် အစားထိုးစက်ပစ္စည်းများလဲလှယ်တပ်ဆင်ပြုပြင်ရန်အတွက် လိုအပ်တဲ့ဘတ်ဂျက်ရန်ပုံငွေကိုတော့ ရန်ကုန်တိုင်းဒေသကြီးက နှစ်စဉ်လျာထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုပါဓာတ်အားပေးစက်ရုံအား လက်ရှိအခြေအနေမှာတော့ နိုင်ငံရဲ့ရာသီဥတုအခြေအနေအရ မိုးရာသီကိုရောက်ရှိလာတဲ့အတွက်ကြောင့် ရေများဝင်ရောက်လာတာများပြားပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများက ထုတ်လုပ်တဲ့ဓာတ်အားဟာ နိုင်ငံရဲ့ လက်ရှိ တစ်နေ့တာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖူလုံအောင်ထုတ်လုပ်ပေးနိုင်တာဖြစ်တဲ့အတွက်ကြောင့် အခြားသော ကုန်ကျစရိတ်များတဲ့ Gas Turbine ဓာတ်အားပေးစက်ရုံအချို့ကိုပင် ရပ်တန့်ပြီး ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် အခု ထုတ်လုပ်မှုကုန်ကျစရိတ် အင်မတန်များပြားမယ့် ဒီဇယ်ဓာတ်အားပေးစက်ရုံကြီးကို လက်ရှိအချိန်မှာ မောင်းနှင်ဓာတ်အားထုတ်လုပ်ရန် အစီအစဉ်မရှိသေးပါ။ သို့ရာတွင် နွေရာသီကာလရောက်ရှိတဲ့အချိန်မှာ တိုင်းပြည်ရဲ့လျှပ်စစ်ဓာတ်အားလိုအပ်ချက် အထူးမြင့်မားမှာဖြစ်တဲ့အတွက်ကြောင့် အဆိုပါအချိန်ကာလရောက်လို့ရှိရင် နွေရာသီမှာ ဓာတ်အားအများဆုံးအသုံးပြုတဲ့နာရီပိုင်းမှာ ဒီဇယ်ကိုအသုံးပြုပြီး မောင်းနှင်သွားဖို့ စီစဉ်မှာဖြစ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့အချက်မှာပါဝင်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှာ ဒီဇယ်ဆီဂါလန် ၁၀ သိန်း လောလောဆယ် စုဆောင်းထားရှိတဲ့အတွက်

ကြောင့် အဆိုပါဆီများကို အသုံးပြု၍ နွေရာသီမှာ နေ့စဉ် နာရီပိုင်းလိုအပ်ချက်အတွက်သာ ဖြည့်ဆည်း မောင်းနှင်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ် စက်ရုံမှရရှိသော လျှပ်စစ်ဓာတ်အားခများထဲမှ တချို့ တစ်ဝက်ကို မုန်းတမံတည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံးဒုက္ခရောက်ခဲ့ကြသည့် ဒေသခံကျေးရွာ များအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ မုန်းချောင်းရေအား လျှပ်စစ်စက်ရုံနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါ။ မုန်းချောင်းရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ဖို့ မုန်းတမံကို ၁၉၉၇-၁၉၉၈ ခုနှစ်မှာ စတင်ခဲ့ပြီးတော့ ၂၀၀၂-၂၀၀၃ ခုနှစ်မှာ ပြီးစီးခဲ့ ပါတယ်။ ကုန်ကျစရိတ် မြန်မာငွေကျပ်သန်း ၁၄၄၀ ၊ အမေရိကန်ဒေါ်လာ ၃၂ သန်းဖြစ်ပါတယ်။ ၂၅ မဂ္ဂါဝပ် စက်သုံးလုံး တပ်ဆင်ထားပြီးတော့ တစ်နှစ်ကို ကီလိုဝက်သန်း ၃၃၀ ထွက်ရှိပါတယ်။ ခန့်မှန်း ငွေကျပ်သန်း ၅၉၀၀ ကျော် နိုင်ငံတော်အတွက် ရှာပေးနေပြီးတော့ တစ်နှစ်ပတ်လုံး လည်ပတ်နိုင်တဲ့ စက်ရုံမှာမုန်းရေ အားလျှပ်စစ်စက်ရုံတည်ဆောက်ရန် မုန်းတမံပိတ်မှုကြောင့် ရေဝပ်ဧရိယာ ၁၀၆၇ စတုရန်းမိုင်မှာ ရွာ ၁၃ ရွာ၊ အိမ်ထောင်စု ၆၀၉ အိမ်ထောင်စု၊ လယ် ၇၁၄ ဧက၊ ယာ ၃၂၇၄ ဧကနှင့် စုစုပေါင်း ၃၉၈၈ ဧက နစ်မြုပ်ခဲ့ပါတယ်။ လယ်ယာလျော်ကြေးလုံးဝမရရှိခဲ့ပါတယ်။ ရှေးဟောင်းစေတီ ပုထိုးတွေ၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ နစ်မြုပ်ခဲ့ပါတယ်။ ၁၀ မိုင်ခန့်အကွာ သံဆယ်မြို့သစ်ကိုပြောင်းရွှေ့ဖို့ အိမ်တက်အိမ်ကို လျော်ကြေးငွေ ၅၀၀၀ ကျပ် ပေးအပ် ခဲ့ပါတယ်။ ၂၀၀၂-၂၀၀၃ ခုနှစ်ခန့်ကပါ တမံနှင့်အနီးဆုံး သရန်ကိုင်းရွာကလေး ပြေးစရာမြေမရှိ၊ ပြောင်းရွှေ့ဖို့ခက်ခဲ့နေတဲ့အချိန်မှာ အိမ်တွေကို ဘူဒိုဇာနဲ့ထိုး ဖြိုပါတယ်။ ပထမဆုံးဖြိုခံရတဲ့ ကျွန်တော့် မိတ်ဆွေက အိမ်ပေါ်က ကလေးတွေနဲ့ ပစ္စည်းလေးတချို့သယ်ဖို့ ခဏလောက်ဆိုင်းပေးဖို့ တောင်းပန် ပါတယ်။ ဘူဒိုဇာသမားကမရဘူး။ ဒါအမိန့်ပဲဆိုပြီးတော့ လှေကားကိုအရင်ထိုးဖြုတ်ပါတယ်။ သိမ့်သိမ့် တုန်သွားတဲ့ အိမ်ပေါ်ကနေပြီးတော့ ကလေးနဲ့ပြတင်းပေါက်ကနေပြီးတော့ ခုန်ချထွက်ပြေးခဲ့ရပါတယ်။ ရွာဦးဘုန်းတော်ကြီးကျောင်းကို ဘူဒိုဇာနဲ့ထိုးဖြိုတော့ ဆရာတော်ဘုရားကြီး သယ်န်းဖိုးရိုးဖားရား

မျက်ရည်စက်လက်နဲ့ အရှုးမီးဝိုင်းသလို ပြိုကျလာတဲ့ပစ္စည်းတွေကို လိုက်ကောက်ပါတယ်။ အသက် ၇၀ ကျော် ဘိုးထွန်းမောင် သူ့အိမ်လေးကို ဘူဒိုဇာနဲ့ထိုးဖြိုတဲ့အချိန်မှာ ကြည့်ရင်းနဲ့ အရုပ်ကြိုးပြတ်လဲသွားတာ ပြန်မထတော့ပါ။ စိတ်ထောင်းကိုယ်ကျေ သေသွားခဲ့ပါတယ်။ ရွာသူရွာသားတွေဟာ တောင်ကုန်းမြင့်၊ သစ်ပင်ရိပ်မှာ၊ ယာတဲမှာ၊ ချောက်ကြို၊ ချောက်ကြားမှာ ဖြစ်သလိုနေ၊ ဖြစ်သလိုစားငရဲကျသလိုခံစားခဲ့ကြရပါတယ်။ ရေပြင်ကြီးအောက်မှာ အလွန်မြေဆီသြဇာကောင်းတဲ့ မြေကြီးကရွှေသီးတဲ့လယ်ယာမြေတွေ နစ်မြုပ်ခဲ့ပါတယ်။ သစ်တောတွေနစ်မြုပ်ပြီး သဘာဝပတ်ဝန်းကျင် ပျက်ဆီးခဲ့ပါတယ်။ မဆုံးနိုင်တဲ့ဆိုးကျိုးတွေ ယခုတိုင်ခံစားနေရပါတယ်။ မိုးတွင်းအခါ ရေဘေးကိုကြောက်လန့်နေရတယ်။ နွေအခါရေကျသွားတော့ နုန်းထုတွေဖုံးလွှမ်းလို့ လူတွေ၊ နွားတွေနစ်ပါတယ်။ လမ်းရယ်လို့အခုထိ မရှိပါဘူး။ တောင်ကုန်းမြင့်တွေပေါ်မှာ ဖြစ်သလိုစိုက်ပျိုးလုပ်ကိုင်ရင်းနဲ့ ဒုက္ခပေါင်းစုံခါးဆီးခံမွဲသထက်မွဲ၊ ဆင်းရဲသထက်ဆင်းရဲ ဒုက္ခပင်လယ်ဝေနေကြရပါတယ်။ ယခု ဇူလိုင်လမိုးနှင့်အတူရိပ်သိမ်းလုဆဲ နှမ်းခင်းကြီးတွေ တမံရေပြင်အောက်နစ်မြုပ်ပျက်စီးခဲ့ပြန်ပါပြီ။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတွေနိမ့်ပါး လျှပ်စစ်မီးဆိုတာ သူတို့နဲ့မဆိုင်တဲ့အရာပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမယ်လို့ ပါရှိပါတယ်။ အမျိုးသားစွမ်းအင်မူဝါဒ ကိုးချက်အနက် နံပါတ်(ဃ)မှာ ရှာဖွေ့တွေ့ရှိတဲ့ စွမ်းအင်သယံဇာတများကို ထွက်ရှိရာဒေသအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အချိုးကျရရှိသုံးစွဲမှု ဖြစ်စေရေးဆောင်ရွက်ရန်လို့ ပါရှိပါတယ်။ အရင်ခေတ်တစ်လျှောက် ပြုလုပ်ခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ နာကျင်ခံစားနေရတဲ့ မိဘဆွေမျိုး ညီအစ်ကိုတွေကို ကျွန်တော်တို့ဆောင်ရွက်ခွင့်ရချိန်မှာ တတ်နိုင်သမျှ၊ စွမ်းနိုင်သမျှ ကူညီကယ်တင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မုန်းချောင်းရေအားလျှပ်စစ်စက်ရုံကြီး တည်ဆောက်ရာမှာ နစ်မြုပ်ဒုက္ခရောက်ခဲ့ကြတဲ့ ကျေးရွာ ၁၃ ရွာက ဒေသခံပြည်သူများအတွက် အောက်ပါမေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ်စက်ရုံမှရရှိသော လျှပ်စစ်ဓာတ်အားခများထဲမှ တစ်ချို့တစ်ဝက်ကို မုန်းတမံတည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံးဒုက္ခရောက်ခဲ့ကြတဲ့ ဒေသခံကျေးရွာများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ ထပ်မံနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်ပြီး မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် မေးမြန်းသည့်ကြယ်ပွင့်ပြမေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်ပြီးတော့ မုန်းချောင်းရေလှောင်တမံကို ယခင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ၁၉၉၇-၁၉၉၈ ခုနှစ်မှစတင်ပြီး တာဝန်ယူဆောင်ရွက်ခဲ့တာဖြစ်ပြီး စိုက်ပျိုးရေး ရေရရှိရန်အတွက် အဓိကရည်ရွယ်ပြီး ဆောင်ရွက်ခဲ့တဲ့ ရေလှောင်တမံစီမံကိန်းဖြစ်ပါတယ်။ စိုက်ပျိုးရေးရေအား အဆိုပါဆည်မှ နေ့စဉ်ထုတ်လွှတ်ပေးတဲ့ ကိစ္စရပ်အပေါ်မှာ ထိုရေကိုအသုံးပြုပြီးတော့ လျှပ်စစ်ဓာတ်အားထပ်မံထုတ်လုပ်ခြင်းအားဖြင့် ရေပေးဝေရေးလုပ်ငန်းအောင်မြင်သလို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရရှိနိုင်ပြီးတော့ တိုင်းပြည်အတွက် အကျိုးရှိရန်အလို့ငှာ ရည်ရွယ်ပြီး Multipurpose Dam အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

အဆိုပါကဲ့သို့ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ယခုအခါမှာတော့ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုတာ ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။ မုန်းချောင်းရေလှောင်တမံရဲ့ ကန်ရေပြည့်ရေလှောင်ပမာဏဟာ ဧကပေ ၆၇၄၄၀၀ ရှိပြီးတော့ အကျိုးပြုရေလှောင်ပမာဏဟာ ဧကပေပေါင်း ၅၂၀၀၀၀ ကျော်ရှိပါတယ်။ အဆိုပါရေလှောင်တမံက ထုတ်လွှတ်ပေးနေတဲ့ရေများကို အသုံးပြုပြီး ထိုဒေသမှာရှိတဲ့ စလင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်များမှာ လယ်ယာမြေတွေအထူးဖွံ့ဖြိုး တိုးတက်နေတယ်ဆိုတာကို ပြီးခဲ့တဲ့လပိုင်းမှာပဲ ပြည်ထောင်စုဝန်ကြီးနှင့်တကွ ကျွန်တော်တို့ ထိုဒေသကို သွားရောက်တဲ့အချိန်မှာ ဒေသခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကိုယ်တိုင်က ကျွန်တော်တို့ကို ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။ ယခုနောက်ပိုင်းမှာ မုန်းချောင်းရဲ့ ရေကိုပဲအောက်မှာ ကြီးအုံကြီးဝ ရေလှောင်တမံ ထပ်မံတည်ဆောက်ပြီး ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကြီးအုံကြီးဝ

ရေလှောင်တမံ မတည်ဆောက်မီကာလအတွင်းမှာ စလင်းမြို့နယ်နှင့်ပွင့်ဖြူမြို့နယ်များမှာရှိတဲ့ လယ်ယာမြေတွေ မုန်းချောင်းရေလှောင်တမံမှ စိုက်ပျိုးရေးရေကိုပေးဝေခဲ့ပြီးတော့ ယခုအခါတော့ ကြီးအုံကြီးဝရေလှောင်တမံကနေ စိုက်ပျိုးရေးရေကို ပေးဝေနေတာဖြစ်ပြီး ဒေသမှာရှိတဲ့ စိုက်ပျိုးမြေ ဧကပေါင်း ၈၂၀၀၀ အတွက် စိုက်ပျိုးရေရရှိအောင် အကျိုးပြုပေးလျက်ရှိတာဖြစ်ပါတယ်။

ယခုအခါမှာ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဟာ နိုင်ငံတော်ပိုင်စက်ရုံ ဖြစ်ပြီး တော့ စက်ရုံကနေထုတ်လုပ်ရရှိတဲ့ လျှပ်စစ်များကို ဖြန့်ဖြူးရောင်းချတဲ့ ဓာတ်အားခဝင်ငွေများဟာ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းအရ နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ်လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်အဖြစ်လည်းကောင်း၊ ဝင်ငွေခွန်အဖြစ်လည်းကောင်း၊ အခွန်အခများပေးသွင်းပြီး ကျန်ရှိတဲ့ဓာတ်အားခဝင်ငွေများအားလုံးကိုလည်း နိုင်ငံတော်ရဲ့ရငွေအဖြစ် ကျွန်တော်တို့က အားလုံး ထည့်သွင်းပေးလိုက်ရတာဖြစ်ပါတယ်။ ဝန်ကြီးဌာနက မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကနေထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အားခတွေကို ရောင်းချရတဲ့ ဓာတ်အားခဝင်ငွေများကို ရငွေများ အားလုံးအဖြစ် ပေးအပ်လိုက်ရတာဖြစ်တဲ့အတွက်ကြောင့် ထိုဝင်ငွေများကို အခြားလုပ်ငန်းရပ်များ အဖြစ် ထုတ်ယူသုံးစွဲဖို့ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများအရ ကိုက်ညီမှုမရှိတာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသကဲ့သို့ ဓာတ်အားခရောင်းရဝင်ငွေများရဲ့ တစ်ချို့ တစ်ဝက်ကိုအသုံးပြုပြီး မုန်းတမံတည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံးခဲ့တဲ့ ဒေသခံကျေးရွာများရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်ဆိုတဲ့ကိစ္စဟာ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းအရ ထိုကဲ့သို့ ဆောင်ရွက်နိုင်ဖို့ ကိုက်ညီမှုမရှိကြောင်းကို ရှင်းလင်းဖြေကြားလိုပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုရဲ့ရန်ပုံငွေကို တောင်းခံ၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများရဲ့ ရန်ပုံငွေများကို ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း၊ နိုင်ငံတကာချေးငွေများကို အသုံးပြု၍လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်ပေးတဲ့အခါမှာ စေတုတ္တရာမြို့နယ်အတွင်းမှာရှိတဲ့ ကျောက်ပုံ၊ ညောင်ကုန်း၊ ခဲချစ်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရန် မကွေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ၁၁ ကေဗွီလိုင်း ၆.၅ မိုင်နှင့် ၁၁.၀၄ ၂၀၀ ကေဗွီ ထရန်စဖော်မာနှစ်လုံး၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကိုလည်း ဒေသဖွံ့ဖြိုးရေးများ အတွက်ကို ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ နောင်ရှေ့နှစ်များမှာလည်းပဲ ထိုကဲ့သို့ ဒေသဖွံ့ဖြိုးရေး

အတွက်ပြည်ထောင်စုရဲ့ဘဏ္ဍာရန်ပုံငွေနဲ့ တိုင်းဒေသကြီးရဲ့ဘဏ္ဍာရန်ပုံငွေများအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ယခုလို ကျွန်တော်တို့ ဝန်ကြီးကနေပြီးတော့ ပြည့်ပြည့်စုံစုံနဲ့ ရှင်းလင်းဖြေကြားပေးသွားတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးပဲကျေးဇူးတင်ပါတယ်။ ဝန်ကြီးဖြေကြားသွားသလိုပေါ့နော်။ ဒီတမံကြီးတွေဟာ စိုက်ပျိုးရေရရှိဖို့ အဓိကထားပြီးတော့ တည်ဆောက်တယ်။ တစ်ဆက်တည်းပဲ လျှပ်စစ်ဓာတ်အားပါဆက်စပ်ထုတ်လုပ်တယ်။ အဲဒီလို သိရတဲ့အတွက် ကျွန်တော်တို့လည်းသိတဲ့အတွက် အထူးပဲ ကျေးဇူးတင်ဝမ်းမြောက်ပါတယ်။ နိုင်ငံတော်အတွက် အကျိုးကျေးဇူးပြုတဲ့အတွက်လည်း ကျွန်တော်တို့ဒေသခံတွေအထူးပဲဝမ်းမြောက်ပါတယ်။ သို့သော် စေတုတ္တရာမြို့နယ်အတွက်တော့ ဒီမုန်းတမံကြောင့်ဖြစ်စေ၊ ကြီးအုံကြီးဝတမံကြောင့်ဖြစ်စေ၊ လယ်တစ်ဧမှာ စိုက်ပျိုးနိုင်ခြင်းမရှိဘဲနဲ့ ဧက ၇၀၀၀၊ ၈၀၀၀ နစ်မြုပ်ဆုံးရှုံးဒုက္ခရောက်ခဲ့ကြတာကတော့ အခုချိန်အထိပါပဲ။ ဒါလေးကိုတော့ တင်ပြပါရစေပေါ့နော်။ တစ်စပ်တစ်စပ်မေးခွန်းအနေနဲ့တော့ စေတုတ္တရာမြို့နယ်မှာ ဝန်ကြီးမိန့်ကြားသွားသလို မုန်းရေအားလျှပ်စစ်စက်ရုံရှိပါတယ်။ ကြီးအုံကြီးဝရေအားလျှပ်စစ်စက်ရုံရှိပါတယ်။ အဲဒီစက်ရုံကြီးတွေရှိပေမဲ့လည်း စေတုတ္တရာမြို့နယ်ရဲ့ရွာပေါင်း ၁၁၅ ရွာမှာ သုံးရွာသာ လျှပ်စစ်မီးလင်းနိုင်ပြီး တစ်ရွာက ကိုယ့်အားကိုယ်ကိုးနဲ့လင်းတာပါ။ ကျန်တဲ့ရွာပေါင်း ၁၁၂ ရွာဟာ လျှပ်စစ်မီးလုံးဝလင်းခြင်းမရှိသေးပါဘူး။ ဒီမုန်းချောင်းရေအားလျှပ်စစ်စက်ရုံရဲ့ ဝန်ထမ်းအိမ်ရာနှင့် ခြံစည်းရိုးသာကပ်လျက်ဖြစ်နေတဲ့ ခြင်ပြစ်ကိုင်းကျေးရွာပေါ့နော်။ ခြင်ပြစ်ကိုင်းကျေးရွာရဲ့ လယ်ယာမြေပေါ်မှာ ဒီစက်ရုံကြီးကို တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာ တည်ဆောက်ထားပါတယ်။ ခြင်ပြစ်ကိုင်းကျေးရွာယခုအချိန်အထိ မီးမလင်းပါဘူး။ သို့သော်လည်း ဒီခြံစည်းရိုးသားခြားတဲ့ ဒီဝန်ထမ်းအိမ်ရာမှာ မီးထိန်ထိန်လင်းနေတာကိုလည်း တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်မေးခွန်းမေးမြန်းလိုတာကတော့ လျှပ်စစ်ဓာတ်အားလိုင်းနှင့် နှစ်မိုင်အတွင်းမှာရှိတဲ့ ကျေးရွာခြောက်ရွာပေါ့နော်။ ခြေပြစ်ကိုင်း၊ အလယ်ပုံ၊ ခိုဝင်၊ မထိမ်း၊ ညောင်အိုင်၊ အလယ်ပုံစတဲ့ ကျေးရွာခြောက်ရွာဟာ နှစ်မိုင်အတွင်းမှာရှိပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နှစ်မိုင်အတွင်းမှာရှိတဲ့ ဒီကျေးရွာများကို လျှပ်စစ်မီးသွယ်တန်းပေးဖို့ဆိုတာကို သိရှိခဲ့ရပါတယ်။ သို့သော် ယနေ့အချိန်အထိ အဲဒီကျေးရွာများကို လျှပ်စစ်မီးလင်းရေးလုံးဝဆောင်ရွက်ပေးဖို့ အစီအစဉ်ဆောင်ရွက်နေတာ မတွေ့ရတဲ့အတွက် မည်သည့်အချိန်မှာ ဆောင်ရွက်

ပေးမည်။ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ တစ်ဆက်တစ်စပ် ကျွန်တော့် အနေနဲ့ မေးမြန်းလိုပါတယ်။ ကျေးဇူးအထူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေလှောင်တမံများကို တည်ဆောက်ကာ အဆိုပါဆည်များမှ စုဆောင်းထားတဲ့ ရေများကို စိုက်ပျိုးရေးရေပေးဝေလိုရေးအဖြစ် တည်ဆောက်ထားတဲ့ ဆည်ရဲ့ မြစ် သို့မဟုတ် ချောင်းရဲ့အောက်ဘက်ပိုင်းကိုသာ စိုက်ပျိုးရေးရေပေးဝေရတဲ့အတွက်ကြောင့် ဆည်ရဲ့ အထက်မှာတည်ရှိနေတဲ့ဒေသများကိုတော့ ရေတွေပြန်ပေဝေလို့မရတဲ့အတွက်ကြောင့် လွှတ်တော် ကိုယ်စားလှယ်ကြီး ပြောကြားတဲ့ စေတုတ္တရာထဲက လယ်တွေအတွက်တော့ ရေမရောက်တာဖြစ်ပါ တယ်။ ဒါက ဆည်ရဲ့အထက်မှာဖြစ်နေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဆည်ရဲ့အောက်ဘက်မှာရှိနေတဲ့ စိုက်ဧကပေါင်းမြောက်များစွာအတွက်တော့ အထူးအကျိုးဖြစ်ထွန်းနေတယ်ဆိုတာကို လွှတ်တော် ကိုယ်စားလှယ်ကြီးလည်း သိရှိမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသော ရွာပေါင်း ၁၁၅ ရွာအနက် သုံးရွာက လျှပ်စစ်ဓာတ်အားရရှိနေသေးပြီး ကျန်တဲ့ရွာပေါင်း ၁၁၂ ရွာ ကျန် ရှိနေသေးတယ်ဆိုတာကိုလည်း သိရှိထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းမှာ ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်းမှာရှိတဲ့ ကျေးရွာများကို လျှပ်စစ်ဓာတ်အားရရှိအောင်ဆောင်ရွက်ပေးမယ်ဆိုတဲ့ အစီ အစဉ်ဟာမှန်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့ဘဏ်ရဲ့ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၁၀ ကို အသုံး ပြုပြီးတော့ ပထမ Phase မှာ နှစ်မိုင်အကွာအတွင်းမှာရှိတဲ့ ရွာများမီးလင်းရေး၊ ဒုတိယ Phase မှာ ရှိတဲ့ ငါးမိုင်ကွာအတွင်းမှာရှိတဲ့ ရွာများမီးလင်းရေးနဲ့ တတိယ Phase မှာကျလို့ရှိရင် ငါးမိုင်အထက် ရွာများ မီးလင်းရေးအတွက်ကို ဆောင်ရွက်သွားဖို့ စီမံကိန်းများချမှတ်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့ နှစ်မိုင်အတွင်းမှာရှိတဲ့ ကျေးရွာများမီးလင်းရေးအတွက်ကိုလိုအပ်တဲ့ ထရန်စဖော်မာများ ဝယ်ယူခြင်း၊ ကွန်ကရစ်တိုင်များဝယ်ယူခြင်း၊ ဓာတ်ကြိုးနှင့် လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်းကို ကမ္ဘာ့ဘဏ်ရဲ့ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီအောင် ကျွန်တော်တို့ တင်ဒါခေါ်ယူဆောင် ရွက်လျက်ရှိပြီးတော့ အဆိုပါ ပစ္စည်းများဝယ်ယူပြီးစီးရရှိပါက နှစ်မိုင်အတွင်း ကျေးရွာများမီးလင်းရေး ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ရွှေကျင်ရေကာတာ တည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံးသွားသည့် ဒေသခံပြည်သူများ၏ နစ်နာချက်များကိုစွနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် တောင်သူများ နစ်နာမှုအတွက် ချထားပေးသည့်ဘဏ္ဍာငွေများအား မည်သည့်ကာလတွင် မည်သို့စီမံဆောင်ရွက် ပေးမည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာမေးမြန်းခဲ့တဲ့ ရွှေကျင်ရေကာတာတည်ဆောက်မှုကြောင့် နစ်မြုပ်ဆုံးရှုံးသွားတဲ့ ဒေသခံပြည်သူများရဲ့ နစ်နာချက်ကိုစွနှင့်ပတ်သက်ပြီး မေးခွန်းကို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားချက်အပေါ် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားတာကို သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေကျင်မြို့နယ်တွင် ရွှေကျင်ရေကာတာကြီးတည်ဆောက်လိုက်တဲ့အတွက် ၄၄ ဧရိယာစတုရန်းမိုင်အကျယ်အဝန်းရေနစ်မြုပ်ခဲ့ပါတယ်။ အဲဒီရေမြုပ်ဧရိယာအတွင်း ဒေသခံများရဲ့ လယ်၊ ကိုင်း၊ ဥယာဉ်၊ ခြံမြေတွေပါသွားတဲ့အတွက် များစွာနစ်နာခဲ့ရတယ်။ အဲဒီနစ်နာချက်အပေါ် မည်သို့ ကုစားဆောင်ရွက်ပေးမလဲဆိုပြီးတော့မှ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပထမနေ့မှာ မေးခွန်းမေးမြန်းတဲ့အခါမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကနေပြီးမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးသွားမယ်ဆိုပြီးမှ ဖြေကြားခဲ့ပါတယ်။ ဖြေကြားတဲ့ကတိအတိုင်းပဲ ဝန်ကြီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရဲ့ဘတ်ဂျက် လျာထားချက်ထဲမှာ ထည့်သွင်းလျာထားတာကိုလည်း ဘတ်ဂျက်စာအုပ်တွေလေ့လာပြီးတော့မှ တွေ့ရှိခဲ့ရပါတယ်။ လျာထားခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီး ပြည်သူ့လွှတ်တော်မှာဖြေကြားချိန်ကစပြီးမှ ပြည်သူတွေက စောင့်မျှော်ခဲ့ကြပါတယ်။ ဒါပေမဲ့ အခုလဆိုလို့ရှိရင် ၁၀ လပြည့်သွားပြီပေါ့။ သို့သော် ကျွန်တော်တို့ အောက်ခြေမှာ ဘာမှစီစဉ်ဆောင်ရွက်ပေးတာမရှိတဲ့အတွက်ကို အကြောင်းအရာအသစ်ပြန်ဖြစ်သွားတဲ့ဒီမေးခွန်းကို ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။

**မူကြမ်း**

နောက်တစ်ချက်က ပြည်သူတွေကလည်း ဒီနစ်နာချက်အပေါ်ကို ပြည်ထောင်စုဝန်ကြီးဖြေကြား ထားတဲ့အပေါ်ကို မေးခွန်းတွေမေးမြန်းလာတဲ့အတွက် ပြည်သူတွေကိုယ်စား ဒီကိစ္စကိုဘယ်လိုများ စီမံ ဆောင်ရွက်ထားသလဲဆိုတာကို သိချင်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်း ချင်တာကတော့ ရေနစ်မြုပ်ခံရတဲ့တောင်သူများအတွက် ချထားပေးတဲ့ ဘဏ္ဍာငွေများကို မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်လဲလို့သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်း အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ပဲခူးတိုင်း ဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာ အတွင်းကျရောက်ခဲ့သည့် ဥယာဉ်၊ ခြံမြေ၊ လယ်ယာ၊ ကိုင်းများအတွက် အချက်အလက်များ ကောက်ယူ စိစစ်၍ နစ်နစ်ကြေးပေးနိုင်ရေး ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအဆင့်ရှိရပ်မိရပ်ဖများ၊ ဆက်စပ် ဝန်ကြီးဌာနများပါဝင်သော ပေါင်းစည်းအဖွဲ့အစည်းတစ်ခုဖွဲ့စည်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးစီးကြပ်မတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုဝန်ကြီးဌာနကနေပြီးတော့ စာနဲ့ညှိနှိုင်းအကြောင်း ကြားခဲ့တာဖြစ်ပါတယ်။ အဆိုပါကဲ့သို့ ညှိနှိုင်းအကြောင်းကြားခဲ့တဲ့အတွက်ကြောင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ ၃၀-၁-၂၀၁၇ ရက်နေ့မှာ ပဲခူးတိုင်းဒေသကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက အဖွဲ့ခေါင်းဆောင်အဖြစ် စာရင်းဇယားများတိကျမှန်ကန်စွာရရှိရေးစိစစ် ကြီးကြပ်ရေးအဖွဲ့နှင့် ပဲခူးခရိုင်အုပ်ချုပ်ရေးမှူးက အဖွဲ့ခေါင်းဆောင်အဖြစ်နှင့် သက်ဆိုင်ရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်က အဖွဲ့ဝင်အဖြစ်ပါဝင်သော စာရင်းဇယားများ တိကျမှန်ကန်စွာရရှိစေရေး စိစစ်ပြုစုရေးအဖွဲ့တို့ကို ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ နစ်နာကြေးအမှန်တကယ်ရသင့်ရထိုက်တဲ့သူများ

နစ်နာကြေးရရှိစေရန်နှင့် နစ်နာကြေးရရှိရန်မသင့်တော်သူများ၊ မမှန်မကန်တောင်းဆိုလာပါက နစ်နာကြေးတောင်းခံရယူသွားခဲ့လို့ရှိရင် နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်တဲ့အတွက်ကြောင့် နစ်နာကြေးပေးအပ်ရာမှာ မှန်ကန်သောစာရင်းဇယားများ၊ တိကျခိုင်မာတဲ့အချက်အလက်များကို အခြေခံရရှိဆောင်ရွက်သွားရန်လိုအပ်တာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးစီးကြပ်မတ်မှုအပေါ်မှာ ဝန်ကြီးဌာနကညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စာရင်းဇယားများ တိကျမှန်ကန်စွာရရှိရေးစိစစ်ပြုစုရေးအဖွဲ့က စီမံကိန်းရဲ့ရေဝပ်ဧရိယာအတွင်းကျရောက်ခဲ့တဲ့ ဥယာဉ်၊ ခြံမြေ၊ လယ်ယာ၊ ကိုင်းများဆုံးရှုံးနစ်နာမှုအတွက် အမှန်တကယ်နစ်နာခဲ့သော စာရင်းဇယားများကောက်ခံရာမှာ ယခင်ကနယ်မြေအခြေအနေအရ ဌာနဆိုင်ရာဝန်ထမ်းများ ထိုဒေသသို့သွားလာရန်ခက်ခဲခြင်း၊ ယခုအချိန်မှာ ရေဝပ်ဧရိယာအတွင်းကျရောက်နေတဲ့အတွက်ကြောင့် စာရင်းဇယားများ ကောက်ခံရရှိပြီးဖြစ်သော်လည်း ပိုင်ဆိုင်မှုအထောက်အထားများအတိအကျဖြင့်အတည်ပြုနိုင်ရေးအတွက် စာရင်းဇယားများ တိကျမှန်ကန်စွာရရှိစေရေးစိစစ်ကြီးကြပ်ရေးအဖွဲ့က တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ပြန်လည်စိစစ်လျက်ရှိကြောင်း သိရှိရပါတယ်။

စာရင်းဇယားများအတိအကျရရှိခြင်း မရှိသေးသည့်တိုင်အောင် ဒေသခံပြည်သူများရဲ့နစ်နာချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရဲ့ ငွေလုံးငွေရင်းအသုံးစရိတ်မှာ နစ်နာကြေးပေးရန် ကျပ်သန်း ၁၂၀၀ ကျော်အား ပြည်ထောင်စုဝန်ကြီးဌာနကလျာထားပြီး တင်ပြပါစိစစ်ရေးအဖွဲ့က စာရင်းဇယားတွေ တိကျခိုင်မာပြီး အတည်ပြုပေးနိုင်ခဲ့မယ်ဆိုခဲ့ရင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ကိုယ်စားလှယ်တွေ မေးခွန်းမေးတဲ့အခါမှာ သတိထားဖို့လိုပါတယ်။ မေးခွန်းမှာတော့မပေါ်လို့ ဒီမေးခွန်းပေါ်လာတာဖြစ်ပါတယ်။ အခုကိုယ်စားလှယ် ဆွေးနွေးတော့မှ ဒုတိယပုံမှန်အစည်းအဝေးမှာ မေးခဲ့တဲ့မေးခွန်းဖြစ်တယ်။ အဲဒီတော့ နည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(စ)မှာ လွှတ်တော်မှာဖြေဆိုပြီးတဲ့မေးခွန်း။ အဲဒီဖြေဆိုပြီးတဲ့မေးခွန်းနဲ့သဘောထားချင်းတူညီတဲ့မေးခွန်း။ နောက်တစ်ခုက ဖြေဆိုရန် ဝန်ကြီးဌာနကငြင်းဆိုခဲ့တဲ့မေးခွန်း အဲဒါမျိုးတွေက ပြန်လည်မေးခွင့်မရှိဘူး။ သို့သော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဝန်ကြီးဌာနက ဒီလို ဒီလိုလုပ်ပေး

ပါမယ်လို့ ဒီမှာဖြေကြားပြီးရင် အစိုးရရဲ့အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီရှိတယ်။ အဲဒီ စိစစ်ရေးကော်မတီကိုပြော။ အဲဒီစိစစ်ရေးကော်မတီကလည်း မှတ်ထားတာ ရှိတယ်။ လွှတ်တော်မှာမေးဖို့မလိုဘဲနဲ့ အဲဒီကော်မတီမှာ ဝန်ကြီးဌာနက ကတိပေးပြီးရင် အကောင်အထည်ဖော်အောင် အဲဒီကော်မတီနဲ့ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ အဲဒီကတိ ပေးပြီးတော့ မလုပ်တာကို ဒီမှာပြန်ပြန်ပြီးမေးနေရင်တော့ တဝဲလည်လည်ဖြစ်နေလိမ့်မယ်။ အဲဒါ ကျွန်တော်တို့ကိုယ်စားလှယ်တွေ နက်နက်နဲနဲသိထားဖို့လိုတယ်။ အဲဒါဖြစ်မလာတဲ့ဟာကို နောက်တစ်ခါ ဒီမေးခွန်းပဲဖြစ်မလာလို့ဆိုပြီး ဒီမှာပြန်မေးရင် နည်းဥပဒေနဲ့လည်းမညီဘူး။ လွှတ်တော်မှာ ဖြေဆိုပြီးသားမေးခွန်း၊ နောက်တစ်ခုက ဖြေဆိုပြီးသားမေးခွန်းနဲ့သဘောထားချင်းတူညီတဲ့မေးခွန်း၊ မလုပ်ပေးနိုင်ဘူးလို့ လုံးဝငြင်းပြီးတဲ့မေးခွန်း အဲဒါတွေပြန်မေးနေရင် အဲဒါကနည်းဥပဒေနဲ့လည်း မကိုက်ဘူး။ အခုနကကျတော့ လုပ်ပေးမယ်လို့ကတိပေးပြီးပြီ။ ကတိပေးပြီးရင် ကျွန်တော်ခုနက ပြောတဲ့ အစိုးရရဲ့အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီနဲ့ ကျွန်တော်တို့ ကိုယ့်မေးခွန်းမှာ ကတိရရှိထားတဲ့ ကိုယ်စားလှယ်တွေက ညှိနှိုင်းပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ အဲဒီ ကော်မတီက သက်ဆိုင်ရာဝန်ကြီးဌာနကို ခေါ်တွေ့ပြီးတော့ အဖြေရအောင်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးလိမ့်မယ်။ အဲဒါကိုတော့ ကျွန်တော်တို့ကိုယ်စားလှယ်တွေ လိုက်နာဆောင်ရွက်ဖို့တော့ လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများမေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## လွှတ်တော်အခွင့်အရေးကော်မတီက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ ၁၈၅ နည်းဥပဒေခွဲ(က) အရ လွှတ်တော်အခွင့်အရေးကော်မတီက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ လွှတ်တော်အခွင့်အရေးကော်မတီ အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ကျွန်တော်က ယနေ့ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ၏ တာဝန်ပေးချက်အရ ဥပဒေကြမ်းတစ်ရပ်ကို ကိုယ်စားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကို တင်သွင်းရတဲ့အကြောင်းအရင်းများကတော့ (က) လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး အရည်အသွေးတိုးတက်မြင့်မားစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ (ခ) လွှတ်တော်အချင်းချင်း လုပ်ငန်းအတွေ့ အကြုံဖလှယ်ရေးနှင့် စွမ်းရည်တိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊ (ဂ) နိုင်ငံတကာ ဥပဒေပြုအဖွဲ့များ၊ ရည်ရွယ်ချက်တူညီသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ (ဃ) နိုင်ငံတကာ လွှတ်တော်များအဖွဲ့နှင့် အာဆီယံလွှတ်တော်များညီလာခံအပါအဝင် နိုင်ငံတကာနှင့်ဒေသတွင်း လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်(၄)ရပ်ဖြင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ၊ အခန်း(၁၈) ပုဒ်မ ၁၈၅ ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း ပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်တီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ မြန်မာနိုင်ငံလွှတ်တော်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၂၀၅
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၃-၅-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/၁၂/၁၀ (၁၄၆)/ ပထစ-၂၀၁၇

**မူကြမ်း**

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက ခုနက အဆိုပြုတင်ပြတဲ့အတိုင်း ရည်ရွယ်ချက်များကို အခြေခံ၍ရေးဆွဲခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အတွက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၄-၅-၂၀၁၇၊ ၅-၆-၂၀၁၇ နှင့် ၂၈-၆-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၂၁-၇-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး၊ နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံစာ တင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၂၀၅

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

**မူကြမ်း**

| | |
|---|---|
| အကြောင်းအရာ။ | **မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း** |
| ရည် ညွှန်း ချက်။ | ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၃-၅-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၄၆)/ပထစ - ၂၀၁၇ |

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါ သည်။

၂။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး အရည်အသွေးတိုးတက်မြင့်မားရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်၊

(ခ) လွှတ်တော်အချင်းချင်း လုပ်ငန်းအတွေ့အကြုံဖလှယ်ရေးနှင့် စွမ်းရည်တိုးတက်ရေးတို့ အတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတကာဥပဒေပြု အဖွဲ့အစည်းများ၊ ရည်ရွယ်ချက်တူညီသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတကာလွှတ်တော်များအဖွဲ့နှင့် အာဆီယံလွှတ်တော်များညီလာခံ အပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက် ရန်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၄-၅-၂၀၁၇ ရက်၊ ၅-၆-၂၀၁၇ ရက်နှင့် ၂၈-၆-၂၀၁၇ ရက်တို့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်

**မူကြမ်း**

လည်းကောင်း၊ ၂၁-၇-၂၀၁၇ ရက်တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းတွင် အခန်း(၆) ခန်းနှင့် အပိုဒ်ပေါင်း ၁၈ ပိုဒ်ပါရှိပါသည်။

(ခ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဋ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဋ) အဖွဲ့ဝင်ဆိုသည်မှာ လွှတ်တော်အဖွဲ့တွင် ပါဝင်သူများကို ဆိုသည်။

(ဂ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဌ) ကို ပယ်ဖျက်ပါသည်။

(ဃ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ) ရှိ အစိုးရအချင်းချင်းအဖွဲ့အစည်းများဆိုသည့် စကားရပ်ကို အစိုးရအဖွဲ့အစည်းများဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) ရှိ အာဆီယံလွှတ်တော်များညီလာခံဆိုသည့် စကားရပ်ကို အာဆီယံပါလီမန်များညီလာခံဟု ပြင်ဆင်ပါသည်။

(စ) အခန်း(၃) အပိုဒ် ၇ အပိုဒ်ခွဲ(ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) အထူးအစည်းအဝေးကျင်းပရန် လိုအပ်သည်ဟု ဥက္ကဋ္ဌကယူဆလျှင် ဖြစ်စေ၊ အဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်က တင်ပြလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌကအစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ဆ) အပိုဒ် ၇ အပိုဒ်ခွဲ(င) ကို အပိုဒ် ၇ အပိုဒ်ခွဲ(စ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အစည်းအဝေးအထမမြောက်လျှင် ဆိုသည့်စကားရပ်ကို အစည်းအဝေးအထမြောက်ခြင်းမရှိလျှင်ဟု ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၇ အပိုဒ်ခွဲ(စ) ကို အပိုဒ် ၇ အပိုဒ်ခွဲ(င) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက မိမိကိုယ်စား ဒုတိယဥက္ကဋ္ဌအား ဆိုသည့်စကားရပ်ကို အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါက ဒုတိယဥက္ကဋ္ဌကို မိမိကိုယ်စားဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ဈ) အခန်း (၄) အပိုဒ် ၈ အပိုဒ်ခွဲ(ဃ) ရှိ ပြည်တွင်းပြည်ပသင်တန်းများ စေလွှတ်ခြင်း ဆိုသည့်စကားရပ်ကို ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်းဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၈ အပိုဒ်ခွဲ(င) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) လွှတ်တော်အဖွဲ့၏ လုပ်ငန်းအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များကို လိုအပ်ပါက ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဋ) အပိုဒ် ၈ အပိုဒ်ခွဲ(စ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) လွှတ်တော်အဖွဲ့နှင့် နိုင်ငံတကာလွှတ်တော်များအဖွဲ့၊ အာဆီယံပါလီမန်များညီလာခံအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများအကြား ဆက်ဆံဆက်သွယ်ရေးကိစ္စများကိုဆောင်ရွက်ခြင်းနှင့် ၎င်းအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်များ၊ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်များ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ပြည်သူများသိရှိစေရန် ဆောင်ရွက်ခြင်း၊

(ဌ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ်၈ အပိုဒ်ခွဲ(ဇ) နှင့် (ဈ) တို့ကို ပယ်ဖျက်ပါ သည်။

(ဍ) အခန်း ၅ အပိုဒ် ၁၁ ရှိ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပြီးဆိုသည့် စကားရပ်ကို လွှတ်တော်အဖွဲ့၏ ဆုံးဖြတ်ချက်များကို ဆောင်ရွက်ရမည်ဖြစ်ပြီးဟု ပြင်ဆင်ပါသည်။

(ဎ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၄ ကို ပယ်ဖျက်ပါသည်။

(ဏ) အခန်း (၆) အပိုဒ် ၁၆ ကို အပိုဒ် ၁၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

၁၅။ ပုဒ်မ ၁၄ အရပေးပို့သော အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများသည် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၏အနီးကပ်ဆုံး အစည်းအဝေးတွင် တင်ပြရမည်။

(တ) အပိုဒ် ၁၅ ကို အပိုဒ် ၁၆ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အုပ်ချုပ်မှု ကိစ္စအဝဝကို ဆိုသည့်စကားရပ်ကို စီမံခန့်ခွဲမှုကိစ္စအဝဝကိုဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို လွှတ်တော်အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၁-၇-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့၍ အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၂၅-၇-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ (ဂ)နဲ့ (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**မှူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၂၅-၇-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ) နဲ့ (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေးရုပ်မြင်သံကြားလိုင်း(Government Education TV Channel)တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ (၁၃-၇-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ပညာရေးရုပ်မြင်သံကြားလိုင်းတစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ကိုးဦးရှိပါတယ်။ ပထမဦးစွာ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း မရှိဘူးလား။ မရှိရင်ရတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအောင်ခင်ဖြစ်ပါတယ်။ ဒေါက်တာလှမိုးရဲ့ အစိုးရ၏ပညာရေး ရုပ်မြင်သံကြားလိုင်းတစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဆိုရှင်က မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲဖို့ နိုင်ငံနှင့်အဝန်းနယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ရည်ရွယ်ချက်ကောင်းပါလို့ ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာသင်ကြားရာမှာ ဆရာနှင့် ကျောင်းသားတစ်ဦးနှင့်တစ်ဦး ဆက်ဆံရာမှာ ဘယ်လိုသဘောပေါက်နားလည်အောင် Communicate လုပ်လဲဆိုတာပြောရမယ်ဆိုရင် Body Languages နဲ့လုပ်ပါတယ်။ ဥပမာ- KG တန်းတွေမှာ က ရေ ကဆိုရင် ကပြတာပေါ့။ အဲဒီ သဘောမျိုးပါပဲ။ ကျွန်တော်တို့က နားလည်လား ဆိုရင် လက်မထောင်တယ်။ OK ပေါ့။ အဲဒီမှာ အဆင်ပြေလားဆိုရင် Peace လက်နှစ်ချောင်းထောင်ပြ တယ်။ ဒါကလည်း ကျွန်တော်တို့က ဘုရားလောင်းလက်ထက်ကတည်းက ဒီလို Body Languages ကိုသုံးခဲ့တာပါ။ မဟော်သဓာကနေပြီးတော့ အမရာ ဒေဝီကိုပြောတဲ့အခါမှာ လက်သီးဆုပ်ပြလိုက် တယ်။ အမရာဒေဝီက လက်ဝါးဖြန့်ပြတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုရင် အိမ်ထောင်ရှိလား/မရှိဘူးလား ဒီလိုတစ်ယောက်နဲ့တစ်ယောက် သူတို့က Communicate လုပ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော် တို့ စကားပြောပြီးတော့ Languages အနေနဲ့ပြောပါတယ်။ ဒါကလည်း ကျွန်တော်တို့က ဆရာနှင့် ကျောင်းသား နားလည်သဘောပေါက်တဲ့ ဘာသာစကားနဲ့လုပ်မှသာရပါတယ်။ အရင်တုန်းက ကျွန်တော်တို့ကနားလည်တာဆိုရင် ဥပမာ- ကောင်းတယ်ဆိုရင် အခုကျတော့ မိုက်လားလို့ပြောတယ်။ မင်းကတော့ သိပ်မိုက်တာပဲဆိုတာ ကောင်းသလိုဖြစ်နေပါတယ်။ ဒါလည်း တစ်ယောက်နဲ့တစ်ယောက် နားလည်ဖို့လိုပါတယ်။ အဲဒါလည်း ထိုနည်းတူစွာပါပဲ ကျွန်တော်တို့က မဟော်သဓာက အမရာဒေဝီ ကိုပြောတယ်။ ဘာလုပ်လဲဆိုတော့ အမရာဒေဝီကပြောတယ်။ တစ်ကြိမ်တည်းနဲ့နှစ်ခြမ်းကွဲတဲ့ အလုပ် ကိုလုပ်တယ်လို့ပြောရင် ကျွန်တော်တို့စဉ်းစားလိုက်ရင် တလွဲတချော်ဖြစ်ကုန်မှာပါ။ အမှန်ကတော့ ပြောချင်တာက ဘာလဲဆိုလို့ရှိရင် စိုက်ပျိုးတဲ့စနစ်၊ လယ်ယာစိုက်ပျိုးရေးလုပ်တယ်ဆိုတာပြောချင်တာ ပါ။ နောက်နံပါတ်(၃)က ဘာလဲဆိုတော့ စကားကို စာရေးပြီးပြောလို့ရပါတယ်။ နောက်တစ်ခုက ရုပ်ပုံကားချပ်နဲ့ပြောပါတယ်။ ဥပမာ- Picture ဓာတ်ပုံ၊ Bio မှာသင်မယ်ဆိုရင် Circulation ကို

ပြောမယ်ဆိုရင် ကျွန်တော်တို့က သွေးလည်ပတ်ဖို့အကြောင်းသင်မယ်ဆိုလို့ရှိရင် ဓာတ်ပုံပြပြီးတော့၊ Picture ပြပြီးတော့ သင်လို့ရပါတယ်။ ရုပ်ပုံကားချပ်နဲ့သင်လို့ရပါတယ်။ Diagram နဲ့သင်လို့ရပါတယ်။ ဥပမာဆိုကြပါစို့။ ကျွန်တော်တို့က အစာအိမ် Acid ပေါက်နေတဲ့သူတွေကို ဆိုဒါမစ်ခေါ်တဲ့ Alkaline လေးပေးမယ်။ ပေးရင် အက်ဆစ်တွေက လျော့မသွားဘူး။ ပိုများလာမယ် ကျွန်တော်ပြောမယ်။ အဲဒီလိုဆိုလို့ရှိရင် ကျွန်တော်တို့က ဒီတိုင်းပြောရင်မမှတ်မိဘူး။ ကျွန်တော်တို့က ရုပ်ပုံကားချပ်နဲ့ Diagram နဲ့ ဥပမာ-Sodium Bicarb ဆိုတာကို HCL ဆိုတဲ့ Hydro Caloric Acid နဲ့ပေါင်းမယ်။ ပေါင်းပြီးလို့ရှိရင် Sodium Calorize နဲ့ ရေနဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်နဲ့ရမယ်။ အဲဒီတော့ ရေနဲ့ကာဗွန်ဒိုင်အောက်ဆိုဒ်က အစာအိမ်ထဲမှာရှိတဲ့ ဆဲလ်တစ်ခုကနေ Carbonic anhydrase ဆိုတဲ့ Enzyme ကြောင့် Hydrogen Ionic Bicarb ဆိုတာထွက်လာမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဆိုဒါမစ်ပေးပေမဲ့လည်း အစာအိမ်အချဉ်ပေါက်တာ Hydrogen Ionic Acid တွေပိုများမယ်။ အဲဒါကို Rebound Phenomenon လို့ခေါ်တယ်လို့ ကျွန်တော်ရှင်းပြချင်တာသည် Diagram နဲ့ရှင်းပြရင်ပိုကောင်းမယ်လို့ ကျွန်တော်တို့က ဒီလိုသင်ရပါတယ်။ ထိုနည်းတူစွာပဲ TV, Video တွေနဲ့လည်း ကျွန်တော်တို့ သင်ပါတယ်။ အဲဒီတော့ အဲဒီလိုသင်နေပြီဆိုရင် ကျွန်တော်တို့က အဲဒီနည်းတွေနဲ့ ဆရာနဲ့ကျောင်းသားသင်တဲ့အခါမှာ Small Group Teaching ရှိတယ်။ Large Group Teaching ရှိတယ်။ Small Group Teaching ဆိုတာကတော့ ကျွန်တော်တို့က ၁၅ ယောက်၊ အယောက် ၂၀ ဆိုရင် သင်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့က Small Class Room နဲ့ရပါတယ်။ ဒါပေမဲ့ ဒီကောင်သည် ဘာလဲဆိုရင် Active Teaching လို့ခေါ်ပါတယ်။ Active Teaching ဆိုတာဘာလဲဆိုရင် တစ်ယောက်နဲ့တစ်ယောက် မေးခွန်းတွေမေး အပြန်အလှန်သင်ကြားလို့ရပါတယ်။ မေးပြီးတော့ သင်ကြားလို့ရပါတယ်။ နောက်တစ်ခုကတော့ Eye Contact သူ့မျက်လုံးကိုကြည့်မယ်။ နားလည်လား/နားမလည်ဘူးလား။ Behavior Action လို ကြည့်လို့ရပါတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ ကျောင်းသားတွေက များနေပြီဆိုရင်တော့၊ ကျွန်တော်တို့က Large Group Teaching ပဲသင်ရမှာပါ။ ဥပမာ- ၁၀၀၊ ၂၀၀ ဖြစ်နေပြီ။ Lecture Theatre တွေဖြစ်နေတယ်။ Teaching Aid တွေ၊ Material တွေလိုတယ်။ ဥပမာ- မိုက်ကရိုဖုန်းတွေ လိုတယ်။ ကျွန်တော်တို့ Overhead Projector တွေလိုတယ်။ စတဲ့ဟာတွေလိုပါတယ်။ အဲဒီနေရာ မှာကျွန်တော်တို့က Active Teaching နဲ့ Passive Teaching ကပိုပြီးတော့ ဖြစ်နိုင်ပါတယ်။ အဲဒီ ကနေပြီးတော့မှ ကျွန်တော်တို့က သိန်း၊ သောင်း ကျောင်းသားတွေများနေပြီဆိုရင်

ဒါတွေက မဖြစ်နိုင်တော့ဘူး။ မဖြစ်နိုင်ဘူးဆိုရင် ကျွန်တော်တို့က ဘယ်လိုသင်မလဲ။ အခုနိုင်ငံနှင့် အဝန်းမှာ ပညာရေးသင်ကြားပို့ချချင်တယ်ဆိုရင် ဘာသာရပ်လည်း ကျွမ်းကျင်တဲ့ ဝါရင့်တဲ့ဆရာကြီး များ ပို့ချချင်တယ်ဆိုရင် ကျွန်တော်တို့ TV Channel ကနေသင်ပေးရင် ပိုကောင်းပါတယ်။ ဘာဖြစ်လို့ လဲဆိုလို့ရှိရင် ကျွန်တော်တို့က Lecture Theatre တွေ၊ တက္ကသိုလ်တွေ၊ ကျောင်းတွေလုပ်မယ်ဆိုရင် Man၊ Money၊ Material တွေအများကြီးလိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုလို့ရှိရင် နေရာအနှံ့မှာလည်း TV ကြည့်နေကြ တာ တွေ့ရပါတယ်။ MRTV ကလည်း Information၊ Education၊ Entertainment ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြည်သူတွေထံ လွှင့်ပေးနေပါပြီ။ အခုလွှတ်တော်ထဲမှာပဲ ကျွန်တော်ကြည့်မယ် ဆိုရင် ပြည်သူ့အသံ လွှတ်တော်အသံနဲ့အညီ ပြည်သူ့ဆန္ဒကို  လွှတ်တော်က ဖော်ဆောင်ပေးနေပြီ ဆိုတာကို ကျွန်တော်တို့တစ်နိုင်ငံလုံးက TV မှာ တိုက်ရိုက်လွှင့်ပေးနေတာဟာ Hluttaw Channel ကပဲဖြစ်ပါတယ်။ ဒီလိုပဲကျွန်တော်တို့က Farmer Channel၊ NRC Channel၊ တိုင်းရင်းသား Channel တွေ၊ Edu Channel တွေ၊ မဟာဗောဓိ Channel တွေစသဖြင့် TV ကနေ Free Line အနေနဲ့လွှင့်ပေးပါတယ်။ ဒီနေရာမှာ Edu Channel ဆိုတာကတော့ ပညာပေးတာဖြစ်တဲ့အတွက် ပညာသင်ခန်းစာသင်တာမဟုတ်ဘူးဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့က ဟုတ်ပြီ အဲဒီလို ဆိုရင် ကျွန်တော်တို့ နိုင်ငံတော်အစိုးရကဘာလုပ်မလဲ။ ဖက်ဒရယ်ပြည်ထောင်စုဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ချင်ပါတယ်။  တည်ဆောက်ချင်တယ်။ သွားနေတယ်။ ပြည်တွင်းငြိမ်းချမ်းရေးလိုတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ရာမှာလည်း နယ်စပ်ဒေသပါမကျန် ကျွန်တော်တို့က ဖွံ့ဖြိုးစေချင်တယ်။ အဲဒီလို ဆိုရင် နိုင်ငံသားအများစုကတော့ ဘာဖြစ်နေလဲဆိုရင် လူမှုစီးပွားနိမ့်ကျနေတယ်။ အဲဒီ Cause တွေ ကိုရှာတဲ့အခါကျတော့ ဘာတွေ့လဲဆိုတော့ Community Base Assessment နဲ့ Problem Base Assessment လုပ်လိုက်တဲ့အခါမှာ နိုင်ငံတစ်ဝန်း နယ်စပ်ဒေသပါမကျန် ပညာရေး ကဏ္ဍ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့ လိုတယ်ဆိုတာတွေ့ပါတယ်။ ပညာရေးစနစ်ကောင်းတစ်ရပ် ပေါ်ထွက် လာမယ်ဆိုရင် ဒီစနစ်ကောင်းအရ ကျောင်းသားတွေက Knowledge Skill Altitude တွေရမှာဖြစ်ပါ တယ်။ ဒီနေရာမှာ၊ TV လွှင့်တဲ့နေရာမှာ ဘာလိုလဲဆိုတော့ မီးလိုပါတယ်။ မီးကလည်း မြန်မာနိုင်ငံမှာ ၆၈ ရာခိုင်နှုန်းပဲ ရှိပါတယ်။ အဲဒါကြောင့်မို့လို့ မီးရဖို့လိုတယ်။ မီလိုင်းကောင်းဖို့လိုတယ်။ TV Channel ကောင်းဖို့လိုတယ်။ ဒါဟာဆိုရင် ကျွန်တော်တို့က အဆိုရှင်ရဲ့ Government Education Channel တစ်လိုင်းသီးခြားထုတ်လွှင့်ပေးဖို့။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော်က ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံဟာ ပြောင်းလဲမှုတွေအများကြီးလုပ်နေရပါတယ်။ ပြောင်းလဲစရာကများတော့ အကုန်လုံးလိုပဲဆိုရမှာပဲ။ အစကနေ အဆုံး။ အဲဒီတော့ ဒီပညာရေးစနစ်နဲ့ပတ်သက်လို့လည်း အခြေခံအားဖြင့် ကျွန်တော်တို့က ပြောင်းလဲမှုတွေ အများကြီးလုပ်နေရပါတယ်။ ဒီမှာ ဒေါက်တာလှမိုးရဲ့အဆိုကလည်း လွှင့်နေတဲ့ မြန်မာ့ရုပ်မြင်သံကြားကလွှင့်တဲ့အစီအစဉ်တွေမှာ Government Education TV Channel တစ်ခု ထည့်ပေးဖို့ဆိုတဲ့အစီအစဉ်ကလည်း ဒါနိုင်ငံရဲ့ပညာရေးစနစ်ကို ပြောင်းလဲဖို့အတွက်က ဒါအရေးကြီးတဲ့ပံ့ပိုးမှုတစ်ခုဖြစ်တယ်လို့ ယူဆတဲ့အတွက် ကျွန်တော် ဝင်ရောက်ဆွေးနွေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအဆိုဆွေးနွေးဖို့ လေ့လာကြည့်တဲ့အခါ ပြန်ကြားရေးဝန်ကြီးဌာနရဲ့လုပ်နေတဲ့အလုပ်တွေကို ကျွန်တော်လေ့လာကြည့်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက လောလောဆယ်မှာ၊ လွှင့်နေတဲ့ဟာမှာ အားလုံးသုံးမျိုးပေ့ါ။ Balance ဖြစ်အောင်ဆိုပြီးတော့ ပြန်ကြားပေးရန် ၄၅ ရာခိုင်နှုန်း၊ ဖျော်ဖြေပေးရန် ၃၅ ရာခိုင်နှုန်း၊ ပညာပေးရန် ၂၀ ရာခိုင်နှုန်းဆိုပြီးတော့ ဒီလိုအချိုးနဲ့လွှင့်ပေးနေပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနဆိုတာကတော့၊ ကျွန်တော်တို့နိုင်ငံမှာကတော့ ရုပ်မြင်သံကြားလွှင့်တဲ့ဌာနနှစ်ခုပေ့ါ။ တစ်ခုကတော့ မြဝတီ၊ တစ်ခုကတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဆိုပြီး လောလောဆယ်နှစ်ခုပဲရှိတာပေ့ါ။ နောက်ပိုင်းမှာတော့ ငါးခုထပ်ပြီးတော့ လိုင်စင်ပေးလိုက်တယ်လို့ ကြားရပါတယ်။ အခုလောလောဆယ်မှာတော့ အကြီးဆုံး၊ အင်အားအကြီးဆုံးပေ့ါ။ ဒီမှာ ထပ်ဆင့်အသံလွှင့်စက်ရုံက ၂၅၃ ရုံရှိတယ်။ အဲဒီစက်ရုံရဲ့ထုတ်လွှင့်မှုကို တစ်နိုင်ငံလုံး လူဦးရေရဲ့ ၉၂.၇ ရာခိုင်နှုန်းက ဖမ်းယူရရှိတယ်ဆိုတာကို ကျွန်တော်တို့ သိရပါတယ်။ နောက်တစ်ခါ လောလောဆယ် ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံတွေမှာ၊ တိုးတက်တဲ့နိုင်ငံတွေမှာဆိုရင် ကျွန်တော်မကြာခင်က သွားရောက်ခဲ့တဲ့ ဂျာမနီနဲ့ ထိုင်းတို့မှာ လွှင့်တဲ့စနစ်တွေကို Analogue စနစ်ကနေပြီးတော့ Digital စနစ်ကိုပြောင်းတဲ့ကိစ္စဟာ အရှိန်အဟုန်နဲ့လုပ်နေပါတယ်။ ဂျာမနီဆိုရင်တော့ ဖွံ့ဖြိုးတိုးတက် တဲ့နိုင်ငံဆိုတော့ အကုန်လုံးက Digital ဖြစ်သွားပါပြီ။ Analogue စနစ်ဆိုတာကတော့

လိုင်းတစ်လိုင်းကို တစ်ခုပဲလွှင့်လို့ရပါတယ်။ Digital ဆိုတာကတော့ လိုင်းတစ်လိုင်းကို၊ လိုင်းတွေအများကြီးထုတ်လွှင့်စက်ကို လိုင်းတွေအများကြီးလွှင့်ပေးနိုင်မယ့်ကိစ္စပါ။ အဲဒီတော့၊ ဒီမှာကတော့ လောလောဆယ် ကျွန်တော်တို့ မြန်မာ့ရုပ်မြင်သံကြားကနေပြီးတော့ Digital စနစ်ကို ပြောင်းလဲဖို့ ကြိုးစားနေတယ်ဆိုတာကို ကျွန်တော်တို့သိရပါတယ်။ ပြောင်းလဲတဲ့အခါမှာ အခုလောလောဆယ် ၂၀၁၂-၂၀၁၃ မှာ လေးရုံ၊ ၂၀၁၃-၂၀၁၄ မှာ ၂၂ ရုံ၊ ၂၀၁၄-၂၀၁၅ မှာ ၆၉ ရုံ၊ ၂၀၁၅-၂၀၁၆ မှာ ၅၀ ရုံ အားလုံး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အကုန်မှာ ၁၄၅ ရုံဟာ အကုန်လုံး Digital စနစ်ပြောင်းပြီးပြီ။ Digital စနစ်နဲ့လွှင့်နိုင်မယ်။ အဲဒီတော့ တစ်ပြည်လုံးမှာရှိတဲ့ လူဦးရေရဲ့ ၈၈.၇ ရာခိုင်နှုန်းဖမ်းယူရရှိနိုင်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က Set Top Box တွေရမှ ဖြစ်မှာပါ။ Set Top Box တွေနဲ့မှ သုံးမှုဖြစ်မှာပါ။ အဲဒီတော့ ဘာလို့လဲဆိုတော့ ကျွန်တော် ရောက်ခဲ့တဲ့ နိုင်ငံတွေမှာ ကျွန်တော်လေ့လာကြည့်တဲ့အခါကျတော့ အဓိကက ဘာပြောင်းလဲမှုတွေလုပ်မလဲဆိုတော့ Public Service Broadcasting ပေါ့။ ကျွန်တော်တို့ PSB လို့ခေါ်တဲ့၊ ပြည်သူလူထုကို ဝန်ဆောင်တဲ့ စနစ်ပေါ့။ အဲဒါက ထိုင်းတို့၊ ဘာတို့မှာဆိုရင် တော်တော်ကို အောင်အောင်မြင်မြင်နဲ့လုပ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ၂၀၁၃ ခုနှစ်ကစပြီး ဥပဒေကြမ်းတင်သွင်းထားတယ်။ အခုအချိန်မှာလည်း ကြိုးစားနေကြပြီဆိုတာသိရပါတယ်။ ဒါရှိလာရင်တော့ ကျွန်တော်တို့က ဒီ Education လိုင်းနဲ့ ပတ်သက်ပြီးတော့ သီးသန့်ပေါ့။ ကျွန်တော်တို့က Commercial Line နဲ့ ခွဲလိုက်ပြီးတော့ ဒါတွေကို ပြည်သူလူထုကို ဝန်ဆောင်မှုသက်သက်ပဲပေးမယ့်အဆင့်ပေါ့။ ဒါမျိုးတွေလုပ်နိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတကာမှာဆိုရင်၊ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာဆိုလို့ရှိရင် စာသင်တဲ့ကိစ္စကို တက္ကသိုလ်ကျောင်းတွေမှာတောင်မှ မလုပ်တော့ဘဲနဲ့ ဒီကနေပြီးတော့ အင်တာနက်ကနေပဲ သင်ပေးတဲ့စနစ်တွေက တော်တော်လေးကို ဖွံ့ဖြိုးနေပါတယ်။ Virtual Class Room ခေါ်တာပေါ့။ ကျွန်တော်တို့ Class Room အစစ်မဟုတ်တော့ဘဲနဲ့ Virtual Class Room ဆိုပြီး ဒီအင်တာနက်ပေါ်မှာပဲ အကုန်လုံး သင်ယူမှုလုပ်တယ်၊ သင်ကြားမှုလုပ်တယ်။ ဒီအဆင့်က တော်တော်များများကို လုပ်နေကြပါပြီ။ ဖွံ့ဖြိုးပြီးတဲ့နိုင်ငံပါ။ ကျွန်တော်တို့နိုင်ငံကတော့ အဲဒီအဆင့် ထိတော့ မသွားရသေးပါဘူး။ သို့သော်လည်း ကျွန်တော်တို့ ဒီပြည်သူ့လွှတ်တော်မှာပဲ E-Government အဆိုဟာ အတည်ပြုပြီးပြီ။ မကြာသေးခင်ကလည်း လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ကနေပြီးတော့ National Data Base ကွန်ယက်ကြီးကို လုပ်ပေးဖို့ပြီးတော့ အစီအစဉ် ရှိ/မရှိမေးမြန်းခဲ့တယ်။ နောက်တစ်ခါ မကြာသေးခင်ကပဲ ကျွန်တော်တို့ တယ်လီဖုန်းတွေကနေ၊ မိုဘိုင်း

ဖုန်းတွေကနေပြီးတော့ အဝေးသင်တက္ကသိုလ်ရဲ့ စာစဉ်တွေဖြေပေးဖို့ ဖြေလို့ရ/မရဆိုတာ မေးမြန်းခဲ့တယ်။ ဒါတွေဟာ ကျွန်တော်တို့ ဘာကိုဆိုတာလဲဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ပညာသင်ကြားရေးစနစ်နဲ့ ပတ်သက်ပြီးတော့ တစ်ခေတ်ဆန်းလာတော့မယ့်အနေအထားကို တရွေ့ရွေ့ရောက်လာတယ်ဆိုတာကို ကျွန်တော်တို့ မြင်တွေ့နေရပါတယ်။ အဲဒီတော့ ဒီမှာကျွန်တော်တို့ ဒီလိုရုပ်မြင်သံကြားကနေပြီးတော့ အခုနက Digital စနစ်ရဲ့ Set Top Box စက်ဖမ်းလို့ရတဲ့ဟာ လိုင်း ၁၄ လိုင်းရှိပါတယ်။ အဲထဲမှာ ခုနကလည်း ဒေါက်တာအောင်ခင် ပြောသွားတဲ့ထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ Edu Line ဆိုတာပါပါတယ်။ သို့သော်လည်း ဒါကျောင်းသားတွေ ပညာရေးစနစ်ကို ရည်ရွယ်ပြီးတော့ သီးသန့်လုပ်တဲ့လိုင်းမဟုတ်ပါဘူး။ အခြားသောနယ်ပယ်တွေ အကုန်လွှမ်းခြုံပြီးတော့လုပ်တဲ့အတွက် ကျောင်းသားတွေကို ပစ်မှတ်ထားပြီးတော့လုပ်တဲ့ Educational Channel Line တစ်ခုက မလွဲမသွေရှိဖို့လိုအပ်ပါတယ်။ ဒါမှ ကျွန်တော်တို့ ထိရောက်မှုရှိမယ်။ Effective ဖြစ်မယ်။ Efficient ဖြစ်မယ်။ ဒါမှသာလျှင် ကျွန်တော်တို့ အားလုံးသောကျောင်းသားတွေရော၊ မိဘတွေရော၊ ဆရာတွေရော နိုင်ငံတော်အပေါ်မှာပါ ဖိစီးနေတဲ့ကျူရှင်စနစ်ပေါ့။ အဲဒီစနစ်ကိုလည်း ကျွန်တော်တို့က အဆုံးတစ်နေ့မှာ ဖျက်သိမ်းနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်က ဒေါက်တာလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က တင်သွင်းတဲ့ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် အထောက်အပံ့ဖြစ်စေရန် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ပညာရေးရုပ်မြင်သံကြားလိုင်း (Government Education TV Channel)တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး တင်သွင်းသွားတဲ့ မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှုအထောက်အပံ့ဖြစ်စေရန်

နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်တင်နိုင်စေရန်အတွက် အစိုးရ၏ပညာရေးရုပ်မြင်သံကြားလိုင်း (Government Education TV Channel) လိုင်းတစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ၂၁ ရာစု ခေတ်ကို ပညာခေတ်(Knowledge Age)လို့တင်စားခေါ်ဝေါ်ကြပါတယ်။ ၂၁ ရာစုပညာခေတ်မှာ ပညာရေးကို သမားရိုးကျပညာရေးစနစ်ဖြင့်သွား၍မရတော့ပါ။ Knowledge Age ဖြစ်လို့ ပညာရေး မှာ ICT နည်းပညာကို မဖြစ်မနေအသုံးပြုရန်လိုအပ်ပါတယ်။ ပညာရေးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရဲ့အခြေခံအုတ်မြစ်ဖြစ်လို့ ပညာရေးရင်းနှီးမြှုပ်နှံမှုဟာ နိုင်ငံအတွက် အရှုံးမရှိရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများ ပြင်ဆင်ဖန်တီးပေးရန်လိုအပ်ပါ တယ်။ ခေတ်မီတဲ့ပညာရေးစနစ်လမ်းကြောင်းပေါ်သို့ရောက်ရှိရန် အခြေခံအစီအမံကောင်းများ ပြင်ဆင်ပြုလုပ်ပေးထားရန်လည်း လိုအပ်လှပါတယ်။ ယနေ့အောင်မြင်တိုးတက်နေတဲ့ နိုင်ငံတွေဟာ ပညာရေးစနစ်ခေတ်မီပြီး နိုင်ငံအတွက် လိုအပ်တဲ့စွမ်းရည်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ် များကို ဖန်တီးထုတ်လုပ်ပေးနိုင်တာကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ပညာရေးစနစ်တစ်ခုကောင်းမွန် ဖို့အတွက် နိုင်ငံတော်အစိုးရ၏ ပညာရေးမူဝါဒ၊ ပညာရေးပညာရှင်များ၊ ပညာသင်ယူနေသူများ အရေးကြီးသလို သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ကြားရေးစနစ်နဲ့ အကဲဖြတ်တိုင်းတာရေး စနစ်ဟာလည်း ခေတ်မီကောင်းမွန်ဖို့လိုအပ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ်ဟာ ဘုန်းတော်ကြီးသင်ပညာရေး၊ Monastic Education ပုံစံနဲ့ စတင်ခဲ့ပြီး နှုတ်ကျက် အာဂုံဆောင် ရွတ်ဆိုပြ၊ ရေးပြနိုင်ရင် သင်ကြားရေးပေါက်မြောက်အောင်မြင်တယ်ဟု ယူဆလက်ခံခဲ့ ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်မှာ ကမ္ဘာကြီးဟာ အရှိန်အဟုန်နဲ့ တိုးတက်ပြောင်းလဲလာတာ နှင့်အညီ အသိပညာ၊ အတတ်ပညာတွေဟာလည်း အလွန်ဆန်းသစ်ပြောင်းလဲလာခဲ့ပါတယ်။ ပြောင်းလဲလာမှုနှင့်အညီ လေ့လာသင်ယူမှုမပြုလုပ်နိုင်ရင် ခေတ်နောက်ကျကျန်ရစ်ခဲ့မှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ဟာ ဆရာကိုဗဟိုပြုတဲ့ချဉ်းကပ်နည်း(Teacher Centre Approach)ကိုသာ အားကိုးပြီး ဆရာများရဲ့သင်ကြားပို့ချမှုအပေါ်မှာ သင်ယူသူများ လိုက်နာ နားထောင်၊ ရေးမှတ်ကြပြီး ဖြေဆိုရတဲ့ပညာရေးစနစ်ကို လက်ခံဖြတ်သန်းလာခဲ့တာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။ ဆရာဗဟိုပြုသင်ကြားရေးစနစ်၏ အားနည်းချက်ကြောင့် နိုင်ငံတကာမှာ

ကျင့်သုံးနေတဲ့ သင်ယူသူအခြေပြုပညာရေးချဉ်းကပ်နည်း(Learner Centre Approach)ကို ယခု အခါ ဦးတည်ဆောင်ရွက်လာရခြင်းဖြစ်ပါတယ်။ ပညာရေးသဘောတရားအရ သင်ယူသူကိုယ်တိုင် သင်ယူပါမှ သင်ယူမှုပြီးမြောက်နိုင်သည်ဆိုတဲ့ ပညာရေးသီအိုရီတစ်ရပ်ရှိပါတယ်။ သင်ယူလိုသူများအတွက် လမ်းဖွင့်ပေးထားရန် လိုအပ်ပါတယ်။ ဒါသင်၊ ဒါကျက်၊ ဒါစစ်ဆိုတာ ၂၁ ရာစုပညာခေတ်မှာ အလွန် ခေတ်နောက်ကျသော သင်ကြားအကဲဖြတ်နည်းတစ်ရပ်ဖြစ်ပါတယ်။ Critical Thinking လို့ခေါ်တဲ့ စဉ်းစားတွေးခေါ် တီထွင်ကြံဆတတ်ဖို့အတွက် ပညာသင်ကြားနေကြခြင်းသာ ဖြစ်ပါတယ်။ ဆရာကချည်းသာသင်ကြားပေးသော Teaching စနစ်ကိုလျှော့ချပြီး သင်ယူသူကိုယ်တိုင် Learning လုပ်နေရမှာဖြစ်ပါတယ်။ သင်ယူမှုနယ်ပယ်ကျယ်ပြန့်လာတဲ့အတွက် သင်ရိုးကို Text Book လောက်နဲ့သာ ကန့်သတ်ထားလို့ မသင့်တော်တော့ပါဘူး။ ယခုလို ပညာရပ်တွေကျယ်ပြန့်လာတဲ့အချိန်မှာ မိဘများရော၊ ဆရာဆရာမများနဲ့ ကျောင်းသူကျောင်းသားများပါ အမြဲတမ်းလေ့လာသင်ယူနေရပါမယ်။ Life Long Learning လုပ်နေရပါမယ်။ ဒီလိုသင်ယူမှုမျိုးပြုလုပ်နိုင်ရန်အတွက် ခေတ်နောက်ကျနေသော မြန်မာ့ပညာရေးကိုပြုပြင်ပြောင်းလဲနိုင်ရန် နိုင်ငံဖွံ့ဖြိုးမှု အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ပညာရေးရုပ်မြင်သံကြားလိုင်း(Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးရန် ဒေါက်တာလှမိုးက တင်ပြထားတာတွေ့ရပါတယ်။ အာဆီယံနိုင်ငံများနှင့် အခြားနိုင်ငံတွေမှာလည်း နိုင်ငံ၏ပညာရေးတိုးတက်မှုကို အထောက်အကူပြုစေရန် Education TV Channel လိုင်းများ ထုတ်လွှင့်ပေးနေတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ Sky Net ကထုတ်လွှင့်ပေးနေတဲ့ Education Channel နဲ့ အဝေးသင် တက္ကသိုလ်စာမေးပွဲကာလမှာ ထုတ်လွှင့်ပေးတဲ့ Distance Education အစီအစဉ်လောက်ကိုသာ တွေ့ရှိနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံလို အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်မှုလိုအပ်နေတဲ့နိုင်ငံမှာ နိုင်ငံတော်အစိုးရက တာဝန်ယူပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှု စသည်ဖြင့် ကဏ္ဍစုံပါဝင်ပြီး လေ့လာသင်ယူလိုသူများအတွက် တစ်သက်တာစားသုံးလို့မကုန်တဲ့ ဗဟုသုတ ဟင်းလေးအိုးသဖွယ် လေ့လာသင်ယူထိုက်တဲ့ Education Channel လိုင်းတစ်ခု အမှန်တကယ် လိုအပ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံ၏ပညာရေးဆောင်ပုဒ်ဖြစ်သော Building a modern develop nation through education ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဆိုသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် အောင်မြေသာစံမဲဆန္ဒနယ်က ဒေါက်တာလှမိုး၏အဆိုဖြစ်သော အစိုးရ

၏ ပညာရေးရုပ်မြင်သံကြားလိုင်း Government Education TV Channel လိုင်းတစ်လိုင်း သီးခြား ထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးနက်စွာထောက်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာကြပါစေ လို့ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဖြစ်ပါတယ်။ အဆိုရှင်က ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်ရာမှာ ပညာရေးရဲ့အခန်းကဏ္ဍဟာ အဓိကနေရာမှာရှိနေတဲ့အတွက် ပညာရေး မြင့်မားရေး လက်တွေ့အကောင်အထည်ဖော်တဲ့အခါ ကြုံတွေ့ရမယ့်အခက်အခဲနဲ့ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဒီအဆိုကိုတင်သွင်းတယ်လို့ နားလည်မိပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့ ရည်ရွယ်ချက်နံပါတ်(၃)နဲ့ပတ်သက်တဲ့အချက်ကို ပထမဦးတည်ဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ ဘာလဲဆိုရင် နိုင်ငံတစ်ဝန်းပညာရေးကဏ္ဍတစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်း ဆက်သွယ်ရေးခက်ခဲသောနယ်စပ်ဒေသများပါမကျန် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ အားလုံး ပညာရေးနဲ့ပတ်သက်တဲ့ မှန်ကန်သောသင်ကြားမှု၊ သင်ယူမှုစွမ်းရည်ရရှိစေရန်နှင့် သတင်း အချက်အလက်များ လက်ခံသိရှိစေရန်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်ဟာ ဒီကနေ့ပညာရေးဝန်ကြီးဌာနက အကောင် အထည်ဖော်နေတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် အရေးပါတဲ့အချက်ဖြစ်ပါတယ်။ နိုင်ငံတစ်နံ တစ်လျားမှာရှိကြတဲ့ ဆရာဆရာမများနဲ့ ကျောင်းသားကျောင်းသူများဟာ မှန်ကန်တဲ့သင်ကြားမှု၊ သင်ယူမှု စွမ်းရည်ရရှိရေးဟာ အင်မတန်မှအရေးကြီးလှပါတယ်။ KG စနစ်စသင်တာဆိုရင် နှစ်နှစ်မြောက် ခဲ့ပြီဖြစ်ပါတယ်။ မနှစ်က KG သင်ခဲ့တဲ့ကလေးတွေဟာ ဒီနေ့ Grade-1 ကို ရောက်ရှိသင်ကြားကြရ ပါတယ်။ ဒီအခါ သင်ရိုးကအသစ်၊ သင်နည်းစနစ်ကလည်း အသစ်ဖြစ်ပါတယ်။ ဒီအတွက် သင်ကြား ပေးကြမယ့်ဆရာဆရာမတွေကို ကျောင်းမဖွင့်ခင်ကြိုတင်ပြီး သင်ကြားနည်းသင်တန်းတွေပေးကြရ ပါတယ်။ သင်တန်းကပို့ချလိုက်တဲ့နည်းနာအတိုင်း အတတ်နိုင်ဆုံး ကြိုးစားသင်ကြားကြပေမဲ့ သင်ကြား ပေးကြတဲ့ဆရာဆရာမများအပေါ် မူတည်ပြီး ကလေးများရဲ့သင်ယူတတ်မြောက်မှုဟာ ကွဲပြားသွားတာ

ကိုတွေ့ရပါတယ်။ နောက်ပြီး KG တန်းကလေးတွေကို ကျောင်းဖွင့်စလတွေမှာ ကျောင်းနေပျော်အောင် ကစားနည်းမျိုးစုံ၊ ကဗျာမျိုးစုံကို သီချင်းဆိုရင်း ကိုယ်ဟန်နဲ့သရုပ်ဖော်တာတွေအပါအဝင် သင်ကြားနည်းများဟာ တစ်ခုချင်းအလိုက် အဓိပ္ပာယ်ရှိပါတယ်။ ဒီလိုအကောင်အထည်ဖော်ရာမှာ မူလရည်မှန်းချက်ကို ရာနှုန်းပြည့်အကောင်အထည်ဖော်နိုင်ဖို့ အထူးလိုအပ်လှပါတယ်။ ဒါ့အပြင် တချို့သော မိဘများက KG တန်းမှာစာမသင်လို့ အားမရတဲ့အတွက် သားသမီးတွေစာမတတ်မှာကို စိုးရိမ်လွန်ကဲပြီး KG တန်းကျူရှင်ပို့တက်စေခိုင်းတဲ့အထိ စောဒကတတ်ကြတာကို တွေ့ရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြတဲ့ဟာတွေဟာ အဆိုရှင်ကြိုတင်မျှော်လင့်ခဲ့တဲ့ အချက်တွေဖြစ်ပါတယ်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်အတိုင်း အစိုးရရုပ်မြင်သံကြား သီးသန့်အခမဲ့လိုင်း ကနေ အဆိုပါအစီအစဉ်နဲ့ ရည်ရွယ်ချက်တွေကိုထင်ဟပ်စေတဲ့ သင်ခန်းစာပို့ချချက်တွေ၊ ကဗျာ သရုပ်ဖော်တွေ ထုတ်လွှင့်ခဲ့မယ်ဆိုရင် တစ်နိုင်ငံလုံးက ဆရာဆရာမတွေနဲ့ ကျောင်းသားကျောင်းသူ အားလုံးဟာ စနစ်တကျတစ်ပုံစံတည်း သင်ယူနိုင်ကြမှာပါ။ သင်ကြားနည်းပြင်ဆင်သင့်တဲ့ ဆရာဆရာမ တွေလည်း ပြင်ဆင်နိုင်ပြီး မိဘ၊ ဆရာ၊ ကျောင်းသားအားလုံး သဘောပေါက်နားလည်တဲ့အတွက် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တွေပေါက်မြောက်အောင်မြင်မှာ ဖြစ်ပါတယ်။ ကနေ့ ကျွန်တော်တို့အိမ်နီးချင်းနိုင်ငံ ထိုင်းနိုင်ငံက TV Channel တွေမှာ ပညာရေးနဲ့ပတ်သက်တဲ့ သင်ခန်းစာပို့ချချက်တွေဟာ လွန်စွာထိရောက်တာကိုတွေ့ရပါတယ်။ ထိုင်းဘာသာစကားနားမလည် ပေမဲ့ သင်နေတဲ့ အင်္ဂလိပ်စာ၊ သင်္ချာသင်ခန်းစာတွေကိုကြည့်ခြင်းဖြင့် သိနိုင်ပါတယ်။ ဒီနေရာမှာ အထူး သတိထားမိတာက ဆရာနဲ့ကျောင်းသားအချိုးပါ။ ကျွန်တော်တို့ဆီမှာ ဆရာနဲ့ကျောင်းသားအချိုးဟာ မမျှတခြင်းဟာ စာသင်ကြားရာမှာ စာသင်ကြားနည်းစနစ်တွေ ဘယ်လောက်ကောင်းကောင်း ဆရာ ဆရာမတစ်ယောက်ချင်းဟာ ကျောင်းသား ၄၀ အထက်ကျော်လာရင် ထိရောက်တဲ့သင်ကြားမှုကို မပေးနိုင်တော့ပါဘူး။ ဆိုလိုတာက ဆရာဆရာမတွေအနေနဲ့ သက်ဆိုင်ရာလအလိုက် သင်ရိုးမာတိကာ အချိန်မီပြီးဖို့ကြိုးစားရတဲ့အခါ ကျောင်းသားများအားလုံးရဲ့ ပြုမူဖြေဆိုချက်အပေါ်မှာ Feedback ကောင်းကောင်းပြန်ပေးဖို့အချိန် မလုံလောက်တော့တဲ့အခက်အခဲကြုံရလာပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးစနစ်ပြုပြင်ပြောင်းလဲတဲ့အခါ ဖြစ်စဉ်တစ်လျှောက်လုံးမှာပါတဲ့ Stakeholder များရဲ့ အကြံပြုချက်များကိုလည်း မူဝါဒချမှတ်သူ(Policy Maker)များအနေနဲ့ ထည့်သွင်းစဉ်းစားဖို့ လိုအပ် ပါတယ်။ မကြာသေးမီက အခြေခံပညာကျောင်းများမှာ စာမေးပွဲဖြေဆိုမှုပုံစံပြောင်းလဲဖို့အသံ ထွက်လာပြီး နောက်အသုံးမပြုတော့ကြောင်း ကြားသိရပါတယ်။ ပညာရေးကိစ္စဟာ နိုင်ငံအတွက်၊

တစ်နည်းအားဖြင့် ဦးဆောင်အစိုးရအဖွဲ့ရဲ့ Political Role လို့ခေါ်တဲ့ နိုင်ငံရေးသိက္ခာကို တိုက်ရိုက်သက်ရောက်စေပါတယ်။ ဒါ့ကြောင့်ပြုပြင်ပြောင်းလဲမှုတစ်လျှောက်လုံး ပညာရေးဝန်ထမ်းများရဲ့အသံနဲ့အကြံပြုချက်တွေကို အထူးအလေးထားဖို့အကြံပြုလိုပါတယ်။ ဒီနေရာမှာအလျဉ်းသင့်လို့ ဆရာတော်ကြီးတစ်ပါးမိန့်ကြားတာကို တစ်ဆင့်ဖောက်သည်ချလိုပါတယ်။ ငါ၏အလိုသို့ တစ်ဖက်သတ်လိုက်သောသူသည် ငါ၏မိတ်ဆွေမဟုတ်ဆိုတဲ့စကားပါ။ ဆိုလိုရင်းကတော့ မိမိ၏အယူဝါဒတစ်ခုကို အကောင်းအဆိုးဝေဖန်အကြံပြုခြင်းမရှိဘဲ အားလုံးကောင်းပါသည်ဆိုပြီး တစ်ဖက်သတ်အကောင်းပြောတာဟာ ကလျာဏမိတ္တအစစ်မဟုတ်ကြောင်းကို ပြောလိုခြင်းဖြစ်ပါတယ်။ လက်တွေ့ပညာရေးရည်မှန်းချက်တွေကို အကောင်အထည်ဖော်နေကြတာက ပညာရေးဝန်ထမ်း ဆရာဆရာမတွေဖြစ်ပါတယ်။ အကောင်အထည်ဖော်နေကြတာက ပညာရေးဝန်ထမ်းဆရာဆရာမတွေ ဖြစ်ပါတယ်။ သူတို့ရဲ့အသံ၊ သူတို့ရဲ့ခံစားချက်၊ သူတို့ရဲ့အားနည်းချက်၊ အားသာချက်တွေကို အထူးအလေးထား ထည့်သွင်းစဉ်းစားနားထောင်ဖို့လိုပါတယ်။ ပညာရေးမိသားစုကြီး အထက်နဲ့အောက် ပွင့်ပွင့်လင်းလင်းတင်ပြခွင့်ပေးဖို့လိုပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်မှာ သက်ဆိုင်ရာကျောင်းအလိုက် သူတို့ရဲ့သဘောထားသုံးသပ်ချက် feedback တွေရယူတောင်းခံပြီး ပိုကောင်းတဲ့နည်းလမ်းတွေကို ရအောင်တော့ကြိုးစားသင့်တယ်လို့ အကြံပြုလိုပါတယ်။ ဒီနေရာမှာ လက်တွေ့သင်ကြားနေကြတဲ့ KG တန်း၊ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းဆရာဆရာမများရဲ့သဘောထားကို အလွတ်တန်း၊ အားမနာတမ်းပြောဆိုနိုင်တဲ့ သီးခြားလွတ်လပ်တဲ့ Survey ကို နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်း မြို့နယ်အလိုက် သတ်မှတ်ရွေးချယ်ပြီးလုပ်ပေးနိုင်ရင် တကယ့်လက်တွေ့ရလဒ်ကို ရနိုင်မယ်လို့ မျှော်လင့်ပါတယ်။ လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံအဝှမ်းမှာရှိကြတဲ့ KG တန်းနဲ့ Grade-1 အတန်းတွေမှာရှိကြတဲ့ ကျောင်းသားနဲ့ဆရာဆရာမများ အချိုးမျှတမှုနဲ့လုံလောက်တဲ့ သင်ခန်းစာရရှိရေးဟာ မျက်မှောက်ပညာရေးကို စိန်ခေါ်နေတဲ့အချက်ဖြစ်တာမို့ဆောလျင်စွာ ဖြည့်ဆည်းပေးဖို့ အထူးလိုအပ်လှပါတယ်။ ဒီနေ့ ဒေါက်တာလှမိုးရဲ့ ပညာရေးနဲ့ပတ်သက်တဲ့အဆိုကို ဆွေးနွေးရင်း တိုက်ဆိုင်စွာပဲ ယခင်အဆိုမှာတုန်းက ကျွန်တော်ဆွေးနွေးခဲ့တဲ့စာရေးဆရာမဆွေဆွေရဲ့ ဒီမိုကရေစီကို မူကြိုကျောင်းကစချင်တယ်ဆိုတဲ့ နော်ဝေမူကြိုပညာရေးနဲ့ပတ်သက်တဲ့ ဆောင်းပါးကို အခုပေါင်းပြီး စာအုပ်ထွက်လာပါပြီ။ ဒီစာအုပ်လေးပါပဲ။ ယနေ့ KG တန်းပညာသင်ကြမယ့် ဆရာဆရာမတွေအတွက် အထူးအထောက်အကူပြုမယ့်စာအုပ်ဖြစ်ပါတယ်။ နော်ဝေမူကြိုပညာရေးကို တိုက်ရိုက်ကူးချဖို့မဟုတ်ပါဘူး။ သူတို့ဘယ်လိုတွေးကြတယ်။ ကျောင်းသားကို

ဘယ်လိုဆက်ဆံရမယ်။ ဘယ်လိုမဆက်ဆံသင့်ဘူး။ နောက်ပြီး ဘယ်လိုပြုစုရမယ်ဆိုတဲ့ Mind-set ကိုရစေချင်တာပါ။ ဆရာကြီး လယ်တွင်းသားစောချစ်ရဲ့ ပန်းလိုချင်အပင်ကိုပျိုးထားမှဆိုတာလို KG တန်းသင်ရတာဟာ သိမ်မွေ့ နက်နဲလှပါတယ်။ ဆက်လက်ပြီးဒီစာအုပ်ကလေးကို ကျွန်တော့်မဲဆန္ဒနယ်က KG ကျောင်း ၁၂၈ ကျောင်းအတွက် တစ်ကျောင်းတစ်အုပ်စီလှူဖို့ ဖုန်းဆက်မေးကြည့်တဲ့အခါ လက်ရှိရောင်းဈေး ၃၀၀၀ ကျပ်ကို ၂၀ ရာခိုင်နှုန်းလျှော့ပေးတဲ့အတွက် ၂၄၀၀။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးရဲ့ မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ပညာရေးရုပ်မြင်သံကြားလိုင်းတစ်လိုင်း သီးခြား ထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရဲ့ရည်ရွယ်ချက်အနေနဲ့တော့ ယနေ့ နိုင်ငံတော်ရဲ့ ဒီမိုကရေစီကို အခြေခံသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စစ်မှန်သောပညာရေးစနစ်ကောင်းတစ်ရပ် ပေါ်ထွက်အကောင်အထည်ဖော်နိုင်စေရန်၊ ပညာရေးစနစ်ကောင်းတစ်ရပ်ပေါ်ထွက်လာစေရန်အတွက် မြန်မာ့ပညာရေးအား ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် မိဘ၊ ဆရာနှင့် ကျောင်းသားကျောင်းသူများကို မှန်ကန်သောသတင်းအချက်အလက်များပံ့ပိုးထုတ်ပြန်ပေးနိုင်ရန်၊ နိုင်ငံနှင့်အဝန်း ပညာရေးကဏ္ဍတစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နယ်စပ်ဒေသများပါမကျန် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအားလုံး ပညာရေးနှင့်ပတ်သက်သည့် မှန်ကန်သောသင်ကြားမှု၊ သင်ယူမှု စွမ်းရည်ရရှိစေရန်နှင့် သတင်းအချက်အလက်များ လက်ခံသိရှိနိုင်စေရန်၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းတွင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ရရှိနိုင်စေရန်အတွက် ပညာရေးရုပ်မြင်သံခြားလိုင်းများ ထုတ်လွှင့်ပြီး အဆင့်မြှင့်တင်နေကြသည့်နည်းတူ မြန်မာ့ပညာရေးအတွက် ပြုပြင်ပြောင်းလဲမှုအတွက်ဖြစ်စေ၊ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဖြစ်စေ၊ အခြေခံကောင်းများ

တိုးတက်စေရန်အတွက် အထောက်အပံ့ဖြစ်စေရန်တို့ ဖြစ်ပါတယ်။ ပညာရေးဟူသည် လူသားတို့ရဲ့ ဘဝမှာ အရေးကြီးဆုံးလုပ်ငန်းစဉ်ဖြစ်ပြီး ဘယ်သောအခါမှ အဆုံးမရှိသောအရာလည်းဖြစ်ပါတယ်။ များစွာသောသိမှုများနှင့် လုပ်ကိုင်စွမ်းဟာလည်း ပညာသင်ကြားခြင်းမှနေ၍ ဖွံ့ဖြိုးလာနိုင်ပါတယ်။ ပညာရေးဟူသည် မွေးဖွားချိန်မှအစပြုကာ ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ်သင်ယူရသည့်အရာဖြစ်ပြီး နိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရင်းအနှီးဖြစ်ပါတယ်။ ပညာရေးသည် ဆင်းရဲမွဲတေမှုကိုလျှော့ချ၍ သာတူညီမျှမှုရှိစေခြင်း၊ မိသားစုဝင်ငွေမြင့်မားစေခြင်း၊ တစ်ဦးချင်းစီနှင့် မိသားစုကျန်းမာရေးမြှင့်တင်ပေးခြင်း၊ ငြိမ်းချမ်းရေးကိုရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့ဖြင့် အမျိုးသားစည်းလုံးညီညွတ်မှုတွင် အဓိကအခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ပညာတတ်မြောက်သူတစ်ဦးဟာ သက်ဆိုင်ရာသင်ရိုးတစ်ခုအရ ပေးထားသောသိမှုကို သိရှိမှသာဖြစ်ပါတယ်။ အချိန်တွေ၊ ငွေကြေးအကုန် အရင်းအနှီးတွေ၊ ခရီးအကွာအဝေးနည်းပါးစွာဖြင့် ပညာရေး အထောက်အပံ့ဖြစ်စေရန်၊ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်စေရန် အစိုးရ၏ ပညာရေးရုပ်မြင်သံကြားလိုင်း လိုအပ်သည်မှာ အမှန်ပဲဖြစ်ပါတယ်။

ကျောင်းများနှင့် ပညာသင်ယူရာဌာနအားလုံးနှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာတိုးတက်လာရေးကို ဦးတည်သည့် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်သော သင်ကြား၊ သင်ယူမှု သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများဖြစ်ထွန်းလာစေရေးဟူသော နိုင်ငံတော်၏အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းရည်မှန်းချက်ပန်းတိုင်ကိုလည်း ရှိစေရာ အဆိုရှင်၏ ပညာရေးရုပ်မြင်သံကြားတစ်လိုင်း သီးခြားထုတ်လွှင့်ပေးရန် တိုက်တွန်းမှုများမှာ များစွာသင့်လျော်ကောင်းမွန်ကြောင်း အကြံပြုလိုပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ပညာရေးစနစ်ကဘက်ပေါင်းစုံမှစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရလျက်ရှိပြီး အများစုမှာ ပညာရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဓိကအယူအဆများဖြစ်သည့် အခွင့်အလမ်း၊ အရည်အသွေးနှင့် သာတူညီမျှမှုတို့ ဆက်စပ်လျက်ရှိပါတယ်။

ယနေ့ ကမ္ဘာ့စီးပွားရေးလောကမှာ နိုင်ငံရဲ့အောင်မြင်မှုဟာ အခြေခံအားဖြင့် အဲဒီနိုင်ငံသူနိုင်ငံသားများရဲ့ အသိပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့်တတ်ကျွမ်းမှုအပေါ်မှာ အဓိကမူတည်လျက်ရှိပါတယ်။ ပညာရေးကဏ္ဍတွင် ဦးစားပေးရင်းနှီးမြှုပ်နှံသော နိုင်ငံများအား လူမှုရေး၊ စီးပွားရေး၊ ကြွယ်ဝဖွံ့ဖြိုးတိုးတက်ခြင်းကဲ့သို့သော ကြီးမားသည့်ရေရှည်အကျိုးဖြစ်ထွန်းမှုကို ရရှိစေမှာဖြစ်တဲ့အတွက်ကြောင့် အဆိုရဲ့တိုက်တွန်းမှုအား ကြိုဆိုထောက်ခံအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ

ကျွန်တော်တို့ ဘက်စုံထူးချွန်တဲ့ ပညာရှင်များ၊ အလုံးစုံသိတဲ့ပညာတတ်၊ ပညာရှင်၊ ပညာရှိများဖြစ်ဖို့ လိုပါတယ်။ ဒါမှ အမှားအမှန်၊ အဆိုးအကောင်း၊ အကျိုးအကြောင်း သိမှာပါ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် ငယ်စဉ်က ကျွန်တော့်ဆရာ ပျံလွန်တော်မူသွားပြီဖြစ်တဲ့ဘုန်းတော်ကြီးမှ ပညာရေးနှင့် ပတ်သက်လို့၊ ပညာမတတ်ခြင်းနှင့်ပတ်သက်လို့ ဟောကြားသွားတာကို ကျွန်တော် ပြောချင်ပါတယ်။ ဘာလဲဆိုတော့ မြတ်စွာဘုရားလက်ထက်တုန်းက ဆန္ဒကုမာရ်ဆိုတဲ့မင်းသမီးဟာ ရုပ်ရည်ချောမောလှပ သလားဆိုတော့ ရုပ်ရည်ချောမောလှပတယ်။ နှလုံးလှသလားဆိုတော့ နှလုံးလှတယ်။ ပညာတော့ မတတ်ဘူး။ မိဘကိုလည်း ချစ်တတ်တယ်။ တစ်နေ့မှာ မြတ်စွာဘုရားကို ဆွမ်းပင့်ကျွေးတဲ့အခါမှာ သူဟာ သူ့အမေနဲ့ ဆွမ်းဟင်းချက်နေတဲ့အချိန်မှာ အမေရဲ့နဖူးမှာခြင်ကိုက်တယ်။ ကိုက်မိတော့ သူက သွားမြီးယပ်တောင်လေးနဲ့ မယပ်ဘဲနဲ့ သူ ငရုတ်သီးထောင်းနေတဲ့ ငရုတ်ကျည်ပွေ့နဲ့ အမေရဲ့နဖူးမှာ ခြင်ကိုမသေသေအောင် ရိုက်လိုက်တယ်။ အဲဒါမှာ အမေက သေသွားရှာတယ်။ ခြင်ကတော့ ပျံသွားတယ်။ အဲဒီတော့ မြတ်စွာ ဘုရားကကြွလာတော့ ဒီဆွမ်းကိုငါမစားတော့ဘူးတဲ့ မင်းသမီးဟာ ရုပ်ရည်လည်း ချောမောလှပတယ်။ နှလုံးလည်းလှတယ်။ မိဘကိုလည်း ချစ်တတ်တယ်။ ပညာမတတ်လို့ ဒီလို ဆုံးရှုံးကြေကွဲစရာသာဖြစ်တယ်။ ဒါကြောင့် ငါ ဒီဆွမ်းကိုမစားတော့ဆိုပြီး ပြန်ကြွသွားတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီလိုပညာရေးနဲ့ ပတ်သက်လို့ အများကြီးရင်းနှီးမြှုပ်နှံဖို့ လိုပါတယ်။ Facebook တွေ၊ လူမှုကွန်ယက်တွေ၊ နောက် တစ်ခုက ကျွန်တော်တို့ လူတွေ စာများများ ဖတ်ဖို့ လိုမှာပါ။ ဒါမှ ကျွန်တော်တို့က ပညာတတ်မယ်။ ပညာရှင်ဖြစ်မယ်။ ပညာရှိဖြစ်မှ ကျွန်တော်တို့ တိုင်းပြည်က ဖွံ့ဖြိုးတက်မှာပါ။ အဲဒီတော့ ကျွန်တော် အထက်မှာတင်ပြတဲ့အတိုင်း ရည်မှန်းချက် ပန်းတိုင်အားအောင်မြင်စေရန် စိန်ခေါ်မှုများအား ကျော်လွန်နိုင်ဖို့ အချိန်နှင့်ငွေကြေးကုန်ကျသက်သာ စေခြင်း၊ နေရာအသီးသီးမှ သင်ယူနိုင်ခြင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ အစပြု၍ လေ့လာနိုင်ခြင်းတို့ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ဒေါက်တာလှမိုးရဲ့ အဆိုအား လေးလေးနက်နက်ထောက်ခံအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၁၁ ကို နောက် အစည်းအဝေးမှာ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၅)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၇။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၁၁း၃၇ နာရီအချိန်တွင် ရပ်နားပါသည်။

**မှူးကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့ (၂၇.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးအောင်စိန်
(ထားဝယ် မဲဆန္ဒနယ်)



ဦးနေမျိုးထက်
(ကျောက်တံတား မဲဆန္ဒနယ်)



ဦးကျော်အောင်လွင်
(စေတုတ္တရာ မဲဆန္ဒနယ်)



ဦးစောသလေးစော
(ရွှေကျင် မဲဆန္ဒနယ်)



ဦးမြသိမ်း (တရားသူကြီး)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်



ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး)
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်